# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**


၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 3 April 2024 ၁၁၄၂၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူးသင်တန်းသားများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြား

## တိုက်ပွဲစွမ်းရည်တိုးတက်မှုရှိစေရေး စစ်သင်တန်းကျောင်းများတွင် စစ်ပညာရပ်များအား ကြိုးစား၍ လေ့လာ၊ လေ့ကျင့်ရန်သူကျင့်သုံးနေသည့် စစ်နည်းဗျူဟာများကို သင်ခန်းစာဖော်ထုတ်၍ တန်ပြန်စစ်ဆင်ရေးဆောင်ရွက်ရန် လိုအပ်

နေပြည်တော် ဧပြီ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူးသင်တန်းသားများနှင့် ဗိုလ်လောင်းများအား တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ဗထူး)ရှိ အောင်ဆန်းခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူးသင်တန်းသားများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ နည်းပြအရာရှိများ၊ သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကား ပြောကြားရာတွင် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းခဲ့ရသည့်


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**


**ယနေ့ ဖတ်စရာ**

**အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင်မြှုပ်နှံပေး**


ဆောင်းပါး စာမျက်နှာ » ၆


**မြန်မာအမျိုးသားလေကြောင်းမှ ရန်ကုန်-မန်စီ-ရန်ကုန် Cargo ခရီးစဉ် စတင်ပျံသန်းပြေးဆွဲ**


စာမျက်နှာ » ၁၁


**ထူးခြားသည့် နေ့အပူချိန်များ**

နေပြည်တော် ဧပြီ ၂

| | | | |
|---|---|---|---|
| ချောက် | ၄၄ ဒီဂရီဆဲလ်စီးယပ် | မြင်းခြံ | ၄၂ ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၃ ဒီဂရီဆဲလ်စီးယပ် | ညောင်ဦး | ၄၂ ဒီဂရီဆဲလ်စီးယပ် |

ကြေးမုံ

# ဝါသီးနှံပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး

လူတို့အတွက် မဖြစ်မနေလိုအပ်သော အဓိကလိုအပ်ချက်များဖြစ်သည့် စားရေး၊ ဝတ်ရေး၊နေရေးဟူသောအရေးသုံးပါးတွင်ဝတ်ရေးကိုဒုတိယအရေးအကြီးဆုံးကဏ္ဍအနေဖြင့် အသိအမှတ်ပြုထားသည်။ အဝတ်အစားသည် စားရေးကဲ့သို့ပင် လူသားတို့အတွက် အစဉ်အမြဲလိုအပ်နေသော ကုန်ပစ္စည်းဖြစ်သည်။ ထိုကုန်ပစ္စည်းအတွက် ဝါသီးနှံကို စိုက်ပျိုး၍ ချည်ထည်ကုန်ချောများ ထုတ်လုပ်ကြသည့်လုပ်ငန်းများကို နိုင်ငံတိုင်းနိုင်ငံတိုင်းက ဦးစားပေးလုပ်ကိုင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဝါသီးနှံကို အဓိကဦးစားပေးသီးနှံအဖြစ် အစဉ်အဆက်စိုက်ပျိုးခဲ့ကြသည်။ ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဝါသီးနှံအထွက်တိုးရေးကို ဦးစားပေးလုပ်ကိုင်ကြပြီး အရည်အသွေးမြင့်မားသည့် ချည်ထည်များကို ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်း/ပြည်ပ ဈေးကွက်ဝယ်လိုအားရှိသည့် ချည်မျှင်ရှည်ဝါများ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ ပြည်တွင်းရှိ ချည်မျှင်နှင့် အထည်စက်ရုံများအတွက် လိုအပ်သည့် အရည်အသွေးကောင်းဝါများ ထုတ်လုပ်ပြီး ပြည်ပမှတင်သွင်းနေရသည့် ဝါနှင့်ချည်များ တင်သွင်းမှုကို လျှော့ချနိုင်ရန်၊ ဝါသီးနှံတန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်ပြီး ဝါစိုက်တောင်သူများနှင့် ဝါလုပ်ငန်းရှင်များ ကုန်ထုတ်လုပ်မှုမြင့်မားလာစေရန် ရည်ရွယ်ချက်များဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဝါသီးနှံစိုက်ပျိုးရေးစီမံကိန်းကို ၂၀၂၂-၂၀၂၃ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ချမှတ်ထားပြီး စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ပဲခူးတိုင်းဒေသကြီးများနှင့် ရှမ်းပြည်နယ်နှင့်နေပြည်တော်ကောင်စီနယ်မြေဒေသများကို စီမံကိန်းဒေသများအဖြစ် သတ်မှတ်အကောင်အထည်ဖော်လျက်ရှိသည်။ စီမံကိန်းဒေသများတွင် ဝါစိုက်ဧရိယာနှင့် ဝါတစ်ဧကအထွက်နှုန်းပြည့်မီရေး၊ အရည်အသွေးကောင်း ဝါထွက်ကုန်များရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရေးရာသီတွင် စီမံကိန်းဒေသ တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုရှိ ဝါသီးနှံစိုက်ပျိုးရေးဇုန် ၁၉ ခုတွင် ဝါစိုက်ဧက ၆၁၂၇၁၂ ဧက စိုက်ပျိုးထုတ်လုပ်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

ဝါသီးနှံစိုက်ပျိုးရေးကို နှစ်စဉ်တိုးတက်စိုက်ပျိုးလျက်ရှိပြီး စီမံကိန်းကာလပြည့်ပြီးနောက် ၂၀၂၇-၂၀၂၈ ခုနှစ်တွင် ဝါသီးနှံစိုက်ပျိုးဧရိယာဧက ၇၄၇၀၀၀ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် တစ်ဧကအထွက်နှုန်း ဝါပိဿာချိန် ၇၀၀ ရရှိရေးအတွက် ဇုန်အလိုက်တာဝန်ခံများ ခန့်ထားတာဝန်ပေးအပ်ပြီး အထွက်တိုးရေးဆောင်ရွက်လျက်ရှိသည်။ မကွေးတိုင်းဒေသကြီး၏ စိုက်ပျိုးရေးဇုန် လေးခုတွင် ဧက နှစ်သိန်းခြောက်သောင်းကျော် လျာထားစိုက်ပျိုးသွားမည်ဟု သိရသည်။ မကွေးတိုင်းဒေသကြီးတွင် ပြီးခဲ့သည့်စိုက်ပျိုးရေးရာသီ၌ ၁၇၂၇၉၃ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၂၃-၂၀၂၄ ခုနှစ်စိုက်ပျိုးရေးရာသီတွင် ၂၁၇၄၁၆ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။ လာမည့်စိုက်ပျိုးရေးရာသီတွင် သတ်မှတ်ဧက ၂၆၆၈၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ဝါသီးနှံစိုက်ပျိုးထုတ်လုပ်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရနိုင်သည့် အခက်အခဲများ၊ အဟန့်အတားများကို သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းရှင်များ၊ တောင်သူများ ပေါင်းစပ်ဖြေရှင်းနိုင်မှု စွမ်းအားများဖြင့် ကျော်လွှားနိုင်မည်ဟု ယုံကြည်ထားသည်။ ယုံကြည်သည့်အတိုင်းလည်း လက်တွဲပူးပေါင်းဆောင်ရွက်နိုင်သောကြောင့် စိုက်ဧကများ တိုးတက်စိုက်ပျိုးနိုင်သည်ကို တွေ့ရသည်။ ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ အရည်အသွေးကောင်းဝါမျိုးများ အသုံးပြုနိုင်ရေး၊ မျိုးစေ့ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ သီးနှံအရည်အသွေး၊ အထွက်နှုန်း၊ ဈေးကွက်အခြေအနေနှင့် တောင်သူများ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာများက ပေါင်းစပ်ကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ဝါသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီသော သွင်းအားစုများ အပြည့်အဝအသုံးပြုခြင်းဖြင့် အထွက်နှုန်းတိုးတက်ပြီး ဝါအရည်အသွေးမြင့်မားသည့် ထုတ်လုပ်မှု တိုးတက်လာစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အားပေးကူညီဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရများက အနီးကပ်ကြီးကြပ်ကူညီဆောင်ရွက်ပေးလျက်ရှိရာ စိုက်ဧကများ တိုးတက်အောင်မြင်လာသည်။ တောင်သူများကလည်း တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်သည်။

သို့ဖြစ်ရာ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုသည် သဘာဝချည်မျှင်ထွက်ကုန်များကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အရေးအပါဆုံး စက်မှုကုန်ကြမ်းသီးနှံပင် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ရာ ဝါသီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြကာ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## အစိုးရဓမ္မာစရိယစာမေးပွဲ ဆင္ဒနေ့ ကျင်းပ

နေပြည်တော် ဧပြီ ၂

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (ဆင္ဒနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၇ ဌာန တို့တွင် စာဖြေစာရင်းသွင်း ပါး/ဦး ၁၂၁၆၀ အနက် ၉၄၈၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၇ ဒသမ ၉၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ကလောမြို့နယ် လက်မောင်းကွေးကျေးရွာ၌ မြေသားရေကန်တူးဖော်ပြုပြင်ခြင်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

ကလော ဧပြီ ၂

ရှမ်းပြည်နယ်( တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်နယ် (မွမ်းမံ) ခွင့်ပြုရန်ပုံငွေများဖြင့် မြေသားရေကန် တူးဖော်ပြုပြင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဘောနင်းကျေးရွာအုပ်စု လက်မောင်းကွေးကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ကွင်းဆင်းစစ်ဆေးရာ ကလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးကျော်စွာနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် သောက်သုံးရေရရှိရေးအတွက်လက်မောင်းကွေးကျေးရွာတွင် အလျား ပေ၂၀၀၊ အနံ ၄၅ပေ၊ အနက် ရှစ်ပေရှိ မြေသားရေကန် တူးဖော်ပြုပြင်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

လက်မောင်းကွေးကျေးရွာ၌ အဆိုပါ မြေသားရေကန် တူးဖော်ပြုပြင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ် (မွမ်းမံ)ခွင့်ပြုရန်ပုံငွေကျပ် ၁၁၄ သိန်းဖြင့် ဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်း၍ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၂၂

## ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် နမ့်လန်း-ဟိုတိ-မန်ကျောင်း-ပန်ရှင် လမ်းဖောက်လုပ်

နေပြည်တော် ဧပြီ ၂

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၉၉ ဒသမ ၂၇၀ သန်းဖြင့် ဆောင်ရွက်ခဲ့သော ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် နမ့်လန်း-ဟိုတိ-မန်ကျောင်း-ပန်ရှင် ဖောက်လုပ်ပြီး မြေလမ်း ခြောက်မိုင်ပေါ်တွင် ကျန် ၁ မိုင် ၄ ဖာလုံ အပြီးသတ် ကျောက်ခင်းခြင်းနှင့် ၅x၅x၂၆ပေ Box Culvert လေးစင်းတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ပြီး အဆိုပါ လမ်းဆောင်ရွက်ပေးနိုင်မှုကြောင့် မိုင်းရယ်မြို့နှင့် ကျေးရွာ ၂၄ ရွာ၊ အိမ်ခြေ ၁၁၅၈၊ လူဦးရေ ၅၀၅၆ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးတို့ကို များစွာအကျိုးပြုသည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဧပြီ ၂

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂-၄-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၅၅၃ | ၄,၆၄၅,၂၀၀ |
| MTSH | ၂,၉၀၀ | ၂,၈၅၀ | ၂၅၈ | ၇၄၃,၁၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၁ | ၇,၉၀၀ |
| FPB | ၁,၄၅၀ | ၁,၅၀၀ | ၂,၄၉၆ | ၃,၆၂၂,၀၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၇၁၀ | ၁,၇၇၅,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၅၉၂ | ၁,၀၃၁,၀၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၂၄ | ၁၁၂,၈၀၀ |
| MAEX | ၁,၈၀၀ | ၁,၈၅၀ | ၂,၅၅၆ | ၄,၇၁၄,၁၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

မတိုင်မီနှင့် ယနေ့ နိုင်ငံအတွင်း ဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးနှင့် လူမှုရေးအခြေအနေများ၊ ကမ္ဘာနှင့်အဝန်း နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးပဋိပက္ခနှင့် တင်းမာမှုအခြေအနေများ၊ သစ္စာလေးချက်နေ့စဉ် ရွတ်ဆိုကြရသည့် တပ်မတော်သားအားလုံး တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအား တိုးမြှင့်ရန် လိုအပ်မှုအခြေအနေများနှင့် တိုက်ပွဲစွမ်းရည် တိုးတက်မှုရှိစေရေး စစ်သင်တန်းကျောင်းများတွင် စစ်ပညာရပ်များအား ကြိုးစား၍လေ့လာ၊ လေ့ကျင့်ရန်နှင့် စစ်မြေပြင်တွင် လိုက်နာအကောင်အထည်ဖော်ရန် လိုအပ်မှုအခြေအနေများ၊ ရန်သူကျင့်သုံးနေသည့် စစ်နည်းဗျူဟာများကို သင်ခန်းစာဖော်ထုတ်၍ တန်ပြန်စစ်ဆင်ရေး ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများ၊ တစ်ဦးချင်းကိုယ်စီ တိုက်ပွဲစွမ်းရည်တိုးတက်မှသာ အဖွဲ့လိုက်မှစ၍ အဆင့်ဆင့် တိုးတက်လာမည့် အခြေအနေများ၊ တစ်ဦးချင်း ပြင်းပြင်းထန်ထန် လေ့ကျင့်ရေးမှစ၍ စစ်မြေပြင်တွင် တိကျစွာလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ ရရှိလာမည့် တိုက်ပွဲစွမ်းရည်များကို ပိုမိုထိရောက်အောင်မြင်အောင်၊ ရှိပြီး တိုက်ပွဲစွမ်းအားနှင့် ပေါင်းစပ်အသုံးပြုတတ်ရန် လိုအပ်မှုအခြေအနေများ၊ တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအား ဟန်ချက်ညီပေါင်းစပ် ဆောင်ရွက်တတ်မှသာ တိုက်ပွဲအောင်မြင်မည့်အခြေအနေ၊ တစ်ဦးချင်း မိမိဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်လာသူများ ဖြစ်ကြသူများပီပီ မိမိသည် မည်သည့်အတွက် တပ်မတော်သို့ ဝင်ရောက်လာခဲ့သည်ကို အမြဲမပြတ်ဆင်ခြင်ရန် လိုအပ်မှုနှင့် တရားသဖြင့် ပေးအပ်သည့် တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်မှုအခြေအနေများ။

**ဆွေးနွေးပြောကြား**

စစ်ဘက်ခေါင်းဆောင် တစ်ဦးအနေဖြင့် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ရပ်နှင့်အညီ ကျင့်ကြံရန် လိုအပ်မှု၊ ကျောသားရင်သား မခွဲခြားဘဲ တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်နှင့်မိဘသဖွယ်စိတ်ဓာတ် ထားရှိမှုကို အခြေအနေ အချိန်အခါနှင့် နေရာဒေသအလိုက် ဆောင်ရွက်တတ်ရန် လိုအပ်မှု၊ တပ်တိုင်း၊ ရဲဘော်တိုင်းရှိရမည့် အခြေခံအရည်အချင်း ၅ ပါး ပြည့်စုံရန် လိုအပ်မှုနှင့် တပ်မတော်၏ အစဉ်အလာ ၁၂ ရပ်ကို ဆက်လက် ထိန်းသိမ်းလိုက်နာရန် လိုအပ်မှုများကို အကျယ်တဝင့် ဆွေးနွေးပြောကြားပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နှင့် ၁၃ ရက်တို့တွင် လိုအပ်ချက်အရ ဒို့တာဝန်အရေးသုံးပါးအား ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံအတွင်းနှင့် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံရှိ ပဋိပက္ခနှင့် တင်းမာမှုအခြေအနေများအပေါ် မူတည်၍ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၄ ရက်တွင် ဥပဒေရေးသားပြီး အတည်မပြုခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေတို့နှင့် ပတ်သက်၍ အာဏာတည်သက်ဝင်စေမှု အခြေအနေနှင့် အဆိုပါဥပဒေများကို ကျေညက်အောင် လေ့လာမှတ်သား၍ တာဝန်ကျရာဒေသ အသီးသီး၌ ရှိကြချိန်တွင် သတ်မှတ်ချက်အကျုံးဝင်သူ ပုဂ္ဂိုလ်များနှင့် ဆက်နွယ်ကြသည့် မိသားစုဆွေမျိုးအသိုင်းအဝိုင်းပါ သိရှိနားလည် သဘောပေါက်အောင် အသိပေးရန် လိုအပ်မှုအခြေအနေ၊ ထိုသို့ ဆောင်ရွက်ပေးခြင်းသည်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ နိုင်ငံပိုင်မီဒီယာများ၊ ရုပ်သံလွှင့်နှင့် ရေဒီယိုအစီအစဉ်များ အပါအဝင် သတင်းစာများမှ တစ်ဆင့်အသိပေးအကြောင်းကြားနေသော်လည်း ဥပဒေနှင့် နည်းဥပဒေပါ အချက်အလက်များကို အကြောင်းအမျိုးမျိုးကြောင့် မလေ့လာ၊ မသိရှိ၍ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်း အသီးသီးတို့၏ မမှန်မကန်လှုံ့ဆော်ဝါဒဖြန့်စည်းရုံးမှုအပေါ် ဥပဒေမဲ့ လိုက်ပါလုပ်ဆောင်ခဲ့မိပါက မိမိကိုယ်ပိုင်ဘဝ၊ မိသားစုဘဝတို့သည်လည်း အကြောင်းမဲ့ တောထဲ၊ တောင်ထဲတွင် စတေးခံကြရမည့်အဖြစ်ဆိုးများမှလည်း ကယ်တင်နိုင်မည်ဖြစ်၍ အသိနှင့်ယှဉ်ပြီး ပြောဆိုစည်းရုံးကြရန် တိုက်တွန်းလိုကြောင်း၊ ထို့အပြင် ထုတ်ပြန်ထားသည့် ပြည်သူ့ စစ်မှုထမ်းဥပဒေနှင့် နည်းဥပဒေတို့ကို မသိနားမလည်သူများအပေါ် ဥပဒေနှင့်မညီသော ခြိမ်းခြောက် အကျပ်ကိုင်မှုမှ တစ်ဆင့် ငွေကြေးနှင့်အခြားအခွင့်အရေးများ ရယူအမြတ်ထုတ်လိုသည့် အောက်ခြေမသမာသူ အကျင့်ပျက်ဝန်ထမ်း အချို့နှင့် အဖွဲ့အစည်းအချို့ပါ ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီ ဆောင်ရွက်ပေးကြရန် လိုကြောင်း ပြောကြားသည်။





**နေ့လယ်စာ အတူတကွသုံးဆောင်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)ရှိ သင်တန်းသားများနှင့် အတူ နေ့လယ်စာ အတူတကွ သုံးဆောင်စဉ်။

ယင်းနောက် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်နှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူးတို့က သင်တန်းသားအရာရှိများ၊ ဗိုလ်လောင်းများနှင့် နည်းပြများအား လိုအပ်သည့် သင်ခန်းစာများကို ဆွေးနွေးကြရာ သင်တန်းသား အရာရှိများ၊ ဗိုလ်လောင်းများနှင့် နည်းပြအရာရှိများကလည်း မရှင်းလင်းသည့် အချက်များနှင့် သိရှိလိုသည်များ မေးမြန်းမှုများအပေါ် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ဗထူး)ရှိ သင်တန်းသား စားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**☆ စစ်ဘက်ခေါင်းဆောင်တစ်ဦးအနေဖြင့် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ရပ်နှင့်အညီ ကျင့်ကြံရန်လိုအပ်**

**☆ ကျောသားရင်သားမခွဲခြားဘဲ တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်နှင့် မိဘသဖွယ် စိတ်ဓာတ်ထားရှိမှုကို အခြေအနေအချိန်အခါနှင့် နေရာဒေသအလိုက် ဆောင်ရွက်တတ်ရန် လိုအပ်**

**☆ တပ်တိုင်း၊ ရဲဘော်တိုင်းရှိရမည့် အခြေခံအရည်အချင်း ၅ ပါး ပြည့်စုံရန်လိုအပ်မှုနှင့် တပ်မတော်၏အစဉ်အလာ ၁၂ ရပ်ကို ဆက်လက်ထိန်းသိမ်းလိုက်နာရန် လိုအပ်**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❍ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့်ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- ❍ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်းလေလှော်ပေးခြင်း၊ စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ❍ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့်ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ❍ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- ❍ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ❍ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ❍ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- ❍ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- ❍ မွေးမြူရေးကန်အားလိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ❍ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ❍ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၃ / ၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၂

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက် အမှာစကားပြောကြားသည်။



**တက်ရောက်**

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့ဥက္ကဋ္ဌများ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက အွန်လိုင်းမှ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့် စပ်လျဉ်း၍ အစည်းအဝေးငါးကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့် လုပ်ငန်းအဖွဲ့များ အဆင့်ဆင့်ဖွဲ့စည်း တာဝန်ပေးအပ်ပြီး ရည်မှန်းချက် တာဝန်များပြီးမြောက်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ မြေပြင်တွင် လက်တွေ့ဆောင်ရွက်နေကြသည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ အတွင်းရေးမှူးများက တွေ့ကြုံနေသည့် အခက်အခဲများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများ ရှင်းလင်းတင်ပြခဲ့မှုအပေါ် ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ချမှတ်ပေးခဲ့ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ ရေးဆွဲထားရှိမှုကို ဗဟိုအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး အဖွဲ့များက တင်ပြလာသည့် အကြံပြုချက်များမှ ပြင်ဆင်သင့်သည်များ၊ ဖြည့်စွက်သင့်သည်များကို ပြင်ဆင်ဖြည့်စွက်၍ အပြီးသတ်ရေးဆွဲထားသည့် နည်းဥပဒေ (မူကြမ်း)အား ရေးထုံးရေးနည်း စိစစ်ရန်နှင့် ဥပဒေကြောင်းအရ သဘောထား ပြန်ကြားပေးရန် ဥပဒေရေးရာဝန်ကြီးဌာနသို့ ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ရေးထုံးများ စိစစ်ပြီး အကြံပြုချက်များပေးပို့လာပါက အကြံပြုချက်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်၍ လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး ကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူပြီး နည်းဥပဒေ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဗဟိုအဖွဲ့အနေဖြင့် ပထမဦးဆုံး ဖွင့်လှစ်မည့်သင်တန်းကို ၂၀၂၄ ခုနှစ် ဧပြီလအတွင်း ဖွင့်လှစ်ရန် ပြင်ဆင်သတ်မှတ်ခဲ့ပြီး သတ်မှတ်ရက်အတိုင်း ဖွင့်လှစ်နိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာ လက်ကမ်း စာစောင်များအား ပြန်ကြားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) တို့၏အစီအစဉ်ဖြင့် ပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှလည်း ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာသတင်းများ၊ TV Spot၊ ဆောင်းပါးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ပြည်သူသို့ အသိပေး ပြောကြားချက်များ စသည်ဖြင့် ထုတ်လွှင့်ပေးခဲ့ပြီး နိုင်ငံပိုင် နေ့စဉ်ထုတ်သတင်းစာများမှလည်း ပြည်သူ့စစ်မှုထမ်းဆိုင်ရာဆောင်းပါးများ၊ ကဗျာများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရေး ဖော်ပြပေးလျက်ရှိပါကြောင်း၊ နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည့် ဆောင်းပါးများကိုလည်း အများပြည်သူ ကြည့်ရှုနိုင်ရန် ကာကွယ်ရေး ဝန်ကြီးဌာန Webportal တွင် တင်ပေးထားပါကြောင်း၊ ပြည်သူလူထုအတွင်း ထင်ယောင်ထင်မှား ဖြစ်စေမည့် ကောလာဟလ သတင်းများ၊ သတင်းတုသတင်းမှားများ မဖြစ်စေရေးနှင့် ပြည်သူလူထုအတွင်း သတင်းမှန်များ အချိန်တိုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေရေး ပြည်သူ့စစ်မှုထမ်းဆိုင်ရာ အချက်အလက်များအား ဆက်သွယ်ရေး Mobile Operator လေးခုမှတစ်ဆင့် Short Message Service (SMS)များ ပေးပို့လျက်ရှိပါကြောင်း၊ ဥပဒေပါကင်းလွတ်ခွင့်၊ ယာယီရွှေ့ဆိုင်းခွင့်များ အပြင် ဗဟိုအဖွဲ့အစီအစဉ်ဖြင့် သတ်မှတ်ထားသည့် ကင်းလွတ်ခွင့်၊ ပေါ့လျော့ခွင့်၊ ယာယီရွှေ့ဆိုင်းခွင့်များကို ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဝေပေးထားသဖြင့် နိုင်ငံ့ဝန်ထမ်းများကို အသိပညာပေး ဟောပြောခြင်း၊ ပြည်သူများသို့ ထပ်ဆင့်ရှင်းလင်းခြင်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ပြီး ပြည်သူများ၏ စိုးရိမ်စိတ်ကို လျော့ကျစေမည် ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များကို ပြည်သူများမှ သိရှိလိုသည်များ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းများဆောင်ရွက်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်တို့တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့်ဆိုင်သော စုံစမ်းမေးမြန်းနိုင်သည့် တယ်လီဖုန်းများ တပ်ဆင်ပေးထားပြီး ဖုန်းနံပါတ်များကိုလည်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပေးလျက်ရှိပါကြောင်း၊ စုံစမ်းမေးမြန်းနိုင်သည့် ဖုန်းများ တပ်ဆင်ပြီးချိန်မှစ၍ ပြည်သူလူထုက စိတ်ပါဝင်စားစွာ စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခဲ့သည်ကိုတွေ့ရပါကြောင်း၊ ပြည်သူလူထု၏ စုံစမ်းမေးမြန်းမှု၊ သတင်းပေးပို့ ဆောင်ရွက်ချက်များအပေါ် အလေးအနက်ထား ဖြေကြားဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း။

**သင်တန်းပို့ချပေးခဲ့**

ပြည်သူ့စစ်မှုထမ်းဆင့် ခေါ်ရာတွင် စာရင်းဇယားများပြုစုရာ၌ စနစ်တကျဖြစ်စေရေးနှင့် SOP တွင် သတ်မှတ်ပေးထားသည့် ပုံစံများ ဖြည့်သွင်းရာတွင် တစ်ပြေးညီဖြစ်စေရေးအတွက် ဗဟိုအဖွဲ့မှ Excle Format များ ရေးဆွဲ၍ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ဖြန့်ဝေပေးထားပြီး ဖြည့်သွင်းမည့်အချက်များအား နည်းစနစ်မှန်ကန်စွာ ဖြည့်သွင်းနိုင်ရန် အွန်လိုင်းမှ သင်တန်း ပို့ချပေးခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှလည်း မြို့နယ်အဖွဲ့များအထိ ဆင့်ပွားသင်တန်းများ ပို့ချသွားရန် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ အချက်အလက်များကို စနစ်တကျ မှတ်တမ်းတင် ထိန်းသိမ်းထားနိုင်ရေး စီမံဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး စာရင်းကောက်ယူခြင်း၊ ဆေးစစ်ခြင်းနှင့် အကျုံးဝင်သူများကို ဆင့်ခေါ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ပေးပို့လာသည့်စာရင်းများတွင် ပြည်သူ့စစ်မှုထမ်းရန် ကိုယ်တိုင်ဆန္ဒပြုသူများစွာ ပါဝင်သည်ကိုတွေ့ရပါကြောင်း၊ သို့သော်လည်း ဆန္ဒပြုသူများအနေဖြင့် အမှန်တကယ် ဆန္ဒပြုသူများဖြစ်ရန်လိုအပ်ပြီး အတင်းအကျပ်ဆန္ဒပြုစေခြင်းမျိုး မရှိစေရေး အောက်ခြေတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရပ်/ကျေးအဆင့် တာဝန်ရှိသူများအား သေချာစွာကြပ်မတ် လမ်းညွှန်ရန် လိုအပ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဆောင်ရွက်နေမှုအပေါ် ဆန့်ကျင်ဘက်အဖွဲ့အစည်းများက လူမှုကွန်ရက်များတွင် သတင်းတု၊ သတင်းမှားများ ဖြန့်ဝေခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများအား ခြိမ်းခြောက်မှုများဆောင်ရွက်နေသည်ကို တွေ့ရှိနေရပါကြောင်း၊ သတင်းတု၊ သတင်းမှားဖြန့်ဝေသူများ၊ ခြိမ်းခြောက်သူများအား ဖော်ထုတ်၍ ထိရောက်စွာ အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုမှ သတင်းပေးလာမှုအပေါ် တာဝန်ရှိအဖွဲ့အစည်းများက သတင်းအဖြစ်သာထားရှိခြင်းမပြုဘဲ အဆင့်ဆင့်ဖော်ထုတ်အရေးယူ ဆောင်ရွက်ရန်လိုမည်ဖြစ်ပါကြောင်း၊ သို့မှသာ သတင်းတု၊ သတင်းမှား ဖြန့်ဝေခြင်းနှင့် ခြိမ်းခြောက်မှုများ လျော့နည်းသွားမည်ဖြစ်ပါကြောင်း။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌများအနေဖြင့် တွေ့ကြုံရသည့် အခက်အခဲများ၊ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ နည်းဥပဒေနှင့်စပ်လျဉ်းသည့် အကြံပြုချက်များကို တင်ပြပေးစေလိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်း သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေးနှင့် သတ်မှတ်အရေအတွက်ပြည့်မီစွာ သင်တန်းစေလွှတ် တက်ရောက်နိုင်ရေး အလေးထား ဆောင်ရွက်ကြစေလိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များကလည်း အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

**ယဉ်ကျေးစွာပြောဆိုဖြေကြား**

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ပြည်သူများ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းနိုင်ရန် အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက် ဖွင့်လှစ်ထားသည့် Call Center များတွင် တာဝန်ထမ်းဆောင် ကြသူများကို ယဉ်ကျေးစွာ ပြောဆိုဖြေကြားနိုင်သူများအား တာဝန်ပေးအပ်ပြီး ပြည်သူများက သိရှိလိုသည်များ မေးမြန်းမှုအပေါ် အလေးအနက်ထား ဖြေကြားရန် လိုအပ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ကိစ္စရပ်များအား မြေပြင်တွင် ဆောင်ရွက်နေကြသူများအနေဖြင့် စစ်မှုထမ်းရန် အကျုံးဝင်သူများအား စာရင်းဇယား မှန်ကန်တိကျစွာဖြင့် မသမာမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက် သွားကြရန်နှင့် ပြည်သူ့စစ်မှုထမ်းဥပဒေအပေါ် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး အသိပညာပေး လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ကြမည့်သူများ အနေဖြင့် သင်္ကြန်ကာလ ရုံးပိတ်ရက်များတွင် မလိုလားအပ်သည့် အုပ်ချုပ်မှု လျော့နည်းဖြစ်စဉ်များ မဖြစ်ပေါ်စေရေး၊ စည်းကမ်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း ကိစ္စရပ်များသည် စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်ကိစ္စရပ်များဖြစ်သဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အလိုက် စစ်မှုထမ်းရန်သတ်မှတ်ရည်မှန်းချက် ပြည့်မီစေရေး အလေးထား ဆောင်ရွက်ကြရန်နှင့် လေ့ကျင့် သင်ကြားစဉ်ကာလ ဆောင်ရွက်ချက်များ အပေါ် မှတ်တမ်း/မှတ်ရာများ စနစ်တကျ ရေးသားပြုစု ထိန်းသိမ်းခြင်း၊ မှတ်တမ်း ဓာတ်ပုံ/ဗီဒီယိုများ စနစ်တကျရိုက်ကူး မှတ်တမ်းတင်ခြင်းများ ပြုလုပ်ဆောင်ရွက်ထားကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး



နေပြည်တော် မေ ၂

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရေဝတီခန်းမ၌ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး၊ ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များအား တွေ့ဆုံ၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှုများနှင့် ပတ်သက်၍ လိုအပ်သူများထံ အကူအညီများ အမှန်တကယ်ရောက်ရှိရေးကို များစွာအလေးထားကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ထည့်သွင်းပြောကြားသည်။

အဆိုပါအစီအစဉ်သို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးမင်းမင်း တက်ဟုန်ပြည်နယ်ခွဲ ပါတီကော်မတီအတွင်းရေးမှူး မစ္စတာကျန်းစမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းသည် တက်ဟုန်ပြည်နယ်ခွဲ ပါတီကော်မတီအတွင်းရေးမှူး မစ္စတာကျန်းစမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် ရုံးအမှတ်(၃) အစည်းအဝေးခန်းမ(၁) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ကုန်စည်ပြပွဲများသို့ နှစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ အပြန်အလှန် ပါဝင်ပြသသွားနိုင်ရေး၊ ကုန်သွယ်မှုလမ်းကြောင်းများ ပိုမိုလျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုဆောင်ရွက်ရာတွင် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများကို ကျော်လွှားပြီး လုပ်ငန်းကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရေး၊ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်ထုတ်လုပ်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုပြုရာတွင် ကုန်ပစ္စည်းအမယ်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့တို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# အာဆီယံဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများအစည်းအဝေးနှင့် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးကျင်းပ






နေပြည်တော် မေ ၂

အာဆီယံဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများအစည်းအဝေး (20th ASEAN Central Bank Deputies Meeting–ACDM) နှင့် အာဆီယံ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများအစည်းအဝေး (ASEAN Finance and Central Bank Deputies Meeting–AFCDM) ကို ယနေ့တွင် Hybrid Format ဖြင့် ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် အဆင့်မြင့်အရာထမ်းများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အာဆီယံဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများအစည်းအဝေး (20th ASEAN Central Bank Deputies Meeting–ACDM) ကို ကျင်းပရာ လာအိုနိုင်ငံဗဟိုဘဏ်၏ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး လာအိုနိုင်ငံဗဟိုဘဏ်မှ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် ၂၀၂၄ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် အကျဉ်းချုပ်အချက်အလက်များကို ရှင်းလင်းတင်ပြရာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSMEs)များ ဘဏ္ဍာငွေဖြည့်ဆည်းရေးအတွက် လိုအပ်ချက်များကို အဓိကထား ဆွေးနွေးကြသည်။

ယင်းနောက် ငွေလုံးငွေရင်းစာရင်း လွတ်လပ်ခွင့်ပြုရေး (Capital Account Liberalization– CAL)၊ အာဆီယံဘဏ်လုပ်ငန်းပေါင်းစည်းရေးမူဘောင် (ASEAN Banking Integration Framework– ABIF)၊ အားလုံးပါဝင်သော ငွေရေးကြေးရေးကဏ္ဍ (Financial Inclusion –FINC)၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် (Payment and Settlement System–PSS)၊ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်ခွင့်ပြုရေး (Financial Services Liberalization – FSL)၊ စသည့် လုပ်ငန်းကော်မတီများ၏ နောက်ဆုံးတိုးတက်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် စဉ်ဆက်မပြတ် ဘဏ္ဍာရေးအစီအစဉ်များ၊ အာဆီယံငွေကြေးဖလှယ်မှုအစီအစဉ် (ASEAN Swap Arrangement–ASA)၊ အာဆီယံဒေသတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာခံနိုင်ရည်ရှိမှုနှင့် သတင်းအချက်အလက်များအား မျှဝေခြင်းအစီအစဉ် (ASEAN Cybersecurity Resilience and Information Sharing Platform–CRISP) တို့နှင့် စပ်လျဉ်းသည့် အခြေအနေများကို အာဆီယံအဆင့်မြင့်ကော်မတီ၏ သဘာပတိက ရှင်းလင်းတင်ပြရာ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများက လမ်းညွှန်မှုများ ပြုခဲ့ကြသည်။

ထို့နောက် လာအိုနိုင်ငံဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေး (ASEAN Finance and Central Bank Deputies Meeting–AFCDM) ကို ဆက်လက်ကျင်းပရာ AFCDM ၏ ပူးတွဲသဘာပတိများက အဖွင့်အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Cooperation–AEC) စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ၊ အေအီးစီလမ်းပြမြေပုံ ၂၀၂၅ (AEC Blueprint 2025) အပေါ် တိုးတက်မှု၊ အာဆီယံအသိုက်အဝန်းဆိုင်ရာ မျှော်မှန်းချက် ၂၀၄၅ (ASEAN Community Vision 2045) နှင့် ၂၀၂၄ အာဆီယံ ငွေရေးကြေးရေးပေါင်းစည်းမှု စောင့်ကြည့်လေ့လာရေးအစီရင်ခံစာ (2024 ASEAN Financial Integration Monitoring Report–AFIMR) နှင့်စပ်လျဉ်း၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ဆွေးနွေးတင်ပြသည်။

ယင်းနောက် အာဆီယံလုပ်ငန်းကော်မတီများနှင့် အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေး အဆင့်မြင့်လုပ်ငန်းကော်မတီ (Senior Level Committee–SLC on ASEAN Financial Integration) တို့နှင့် စပ်လျဉ်းသည့် နောက်ဆုံးတိုးတက်မှုနှင့် ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်များအတွက် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီအသီးသီးတို့၏ ပူးတွဲသဘာပတိများက ရှင်းလင်းတင်ပြရာ အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများက လမ်းညွှန်မှုများပြုခဲ့ကြသည်။

ထို့နောက် (၁၁) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး (11th AFMGM) သို့ တင်ပြမည့် ပူးတွဲကြေညာချက်မူကြမ်းနှင့် အစီအစဉ်မူကြမ်းတို့ကို အပြီးသတ်ဆွေးနွေးအတည်ပြုကြပြီး အစည်းအဝေး၏ ပူးတွဲသဘာပတိများက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အရှိန်အဟုန်မြှင့်တိုးတက်ရေး အမျိုးသမီးများတွင်မြှုပ်နှံပေး

နွေကုံ့ကော်(မြို့လှ)

အချိန်ကား ၂၀၁၀ ပြည့်နှစ်ကဖြစ်ပါသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျွန်တော် ပညာသင်ကြားစဉ်ကဖြစ်၏။ တစ်နေ့သောအချိန်တွင်

“မင်းတို့မြန်မာနိုင်ငံက အမေတွေရော ဘာလုပ်ကြလဲ” ဟူသော အမေစကားဖြင့် မြန်မာနိုင်ငံမှ မိခင်များအကြောင်း မေးမြန်းလာသူကား ကျွန်တော်တို့၏ အတန်းပိုင်ဆရာမ အာရှိမဲ့ဘနာအားလ်မာပင်ဖြစ်သည်။ ကျောင်းသားများက အားလ်မာဟုသာခေါ်ကြသည်။ ရုတ်တရက် ကျွန်တော်တို့ကြောင်သွားကြသည်။ အမေတွေဘာလုပ်ကြသလဲဆိုတော့ အမေက အမေအလုပ်လုပ်သည်ပေါ့။

“အမေအများစုကတော့ အိမ်မှုကိစ္စတွေပဲလုပ်ကြရတာပါ၊ အနည်းစုကတော့ နိုင်ငံ့ဝန်ထမ်းတွေပေါ့”

ထမင်းချက်၊ ဟင်းချက်၊ ကလေးထိန်းကျောင်း၊ လျှော်လိုက်ဖွပ်လိုက်နှင့် မိသားစုတစ်စုလုံးစာ ဒိုင်ခံလုပ်ရသော မိခင်များ၏ဘဝကို ဆရာမက ကြည်ဖြူနှစ်သက်ပုံမရပေ။

“ငါတို့နိုင်ငံမှာဆို မင်းတို့မြင်တဲ့အတိုင်းပဲ ကိုယ်စီအလုပ်လုပ်နေကြရတယ်။ ငါဆို အသက်၅၀ ရှိပြီ။ ငါ့ယောကျ်ားလည်း အလုပ်လုပ်တယ်၊ ငါ့သားကလည်း ဒီကျောင်းမှာပဲ၊ သူတို့အတွက်လည်း ငါ့မှာလုပ်ကိုင်ပေးရတယ်၊ ငါလည်း အလုပ်မပျက်ပါဘူး”

ဆရာမဆိုလိုချင်သည်ကို ကျွန်တော်တို့ သဘောပေါက်ပါသည်။ မိခင်သို့တည်းမဟုတ် အမျိုးသမီးအားလုံးကို မီးဖိုချောင်ထဲမှာပဲ ဘဝတစ်သက်တာမနစ်မြုပ်စေလိုခြင်းပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ဆရာမလို အမျိုးသမီးဝန်ထမ်းများ မရှိမဟုတ်၊ ရှိကြပါသည်။ အနည်းစုသာဖြစ်ကြသည်။ ကလေးတစ်ဖက်၊ အိမ်ထောင့်တာဝန်တစ်ဖက်ကြောင့် လုပ်ငန်းခွင်တွင် ရေရှည်အဆင်မပြေသောကြောင့် ဝန်ထမ်းဘဝကို စွန့်လွှတ်ခဲ့ကြခြင်းသာဖြစ်ပါသည်။

### နယ်ပယ်စုံတွင် ထူးချွန်ထက်မြက်ခဲ့သည့် အမျိုးသမီးများစွာ ပေါ်ထွက်ခဲ့

နိုင်ငံတကာ အထူးသဖြင့် အနောက်နိုင်ငံများတွင် အမျိုးသမီးများသည် အမျိုးသားများနည်းတူ ဒိုးတူပေါင်ဖက် အောက်ခြေသိမ်းမှစ၍ အထက်တန်းလွှာထိ လုပ်ငန်းတာဝန်အမျိုးမျိုးကို ထမ်းဆောင်နေကြသော်လည်း အာရှနိုင်ငံများတွင်မူ အနည်းစုဖြစ်သည်။ သို့သော် မြန်မာနိုင်ငံတွင်လည်း နယ်ပယ်စုံတွင် ထူးချွန်ထက်မြက်ခဲ့သည့် အမျိုးသမီးများစွာ ပေါ်ထွက်ခဲ့သည်။ ယနေ့တိုင်ပေါ်ထွက်နေဆဲလည်းဖြစ်သည်။ ဆရာမကမသိ၍ ထိုသို့မေးမြန်းချိန်တွင် ကျွန်တော်တို့ကလည်း ငယ်သေးပြီး ဗဟုသုတနည်းပါးခဲ့သည့်အတွက် ဆရာမစိတ်ကျေနပ်လောက်သည့် အဖြေမျိုးကိုမပေးနိုင်ခဲ့။ ယနေ့မှာတော့ ထိုစဉ်ကထက် အသိအမြင်ပွင့်ခဲ့ပြီဖြစ်သည့်အတွက် အမျိုးသမီးကဏ္ဍနှင့်ပတ်သက်၍ ဆရာမက မေးမြန်းခဲ့မည်ဆိုလျှင် ပို၍ပြည့်စုံစွာ ဖြေဆိုနိုင်မည်ဟု ယုံကြည်မိပါသည်။

မြန်မာနိုင်ငံတွင် ပုဂံခေတ်မှစ၍ မြန်မာအမျိုးသမီးများသည် ဓလေ့ထုံးတမ်းဥပဒေနှင့် မြန်မာဓမ္မသတ်များအရ ယောကျ်ားများနှင့် တန်းတူရည်တူ လွတ်လပ်မှုနှင့် အခွင့်အရေးများကို ရရှိခဲ့ကြပြီးဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတွင် အမျိုးသမီးများသည် လူဦးရေအများစုဖြစ်သည်ကို တွေ့ရှိရသည့်အတွက် ပိုမိုတိုးတက်ကောင်းမွန်သော ကမ္ဘာကြီး တည်ဆောက်ရာတွင်လည်း အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ မြင့်တက်လာခဲ့ရသည်။ နိုင်ငံဖွံ့ဖြိုးမှု မဟာဗျူဟာတွင် အရေးပါလာသူများလည်းဖြစ်လာကြသည်။ မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၁ ဒသမ ၈၃ သန်းပိုများသည်ကို တွေ့ရှိခဲ့ရသည်။ အမျိုးသမီးဦးရေက ၅၁ ဒသမ ၈ ရာခိုင်နှုန်း ရှိခဲ့ပြီး အမျိုးသားဦးရေက ၄၈ ဒသမ ၂ ရာခိုင်နှုန်း ရှိခဲ့သည်။ ယခုနှစ်အတွင်း ကောက်ယူမည့် သန်းခေါင်စာရင်းအရ ပြောင်းလဲမှုများရှိနိုင်သည့်တိုင် အမျိုးသမီးဦးရေက ပိုမိုများပြားနေဦးမည်သာ ဖြစ်ပါသည်။

> **“အာဇာနည်အမျိုးသမီးကောင်းတစ်ဦးအဖြစ် သမိုင်းမှတ်တမ်း အထင်အရှားရှိခဲ့သော ဘုရင်မကြီးရှင်စောပုသည် နောင်လာနောက်သားများအတွက် သင်ခန်းစာများပေးခဲ့သည်။ ပထမသင်ခန်းစာ အနေဖြင့် နိုင်ငံကိုခေါင်းဆောင်မည့်သူသည် သတိ၊ ဉာဏ်အမြော်အမြင်ကြီးမားရမည်၊ ရဲဝံ့သတ္တိရှိရမည်။ ဒုတိယသင်ခန်းစာမှာ မိမိမရှိတော့သည့်နောက်ပိုင်းတွင် နိုင်ငံကိုခေါင်းဆောင်နိုင်ရန် လူတော်လူကောင်းကို ရွေးချယ်တတ်ရမည်။ တတိယသင်ခန်းစာမှာ ခေါင်းဆောင်သည် မိမိအတ္တအကျိုးကို ရှေ့တန်းမတင်ဘဲ နိုင်ငံနှင့် လူမျိုးအကျိုးကိုသာ ဦးစားပေးရမည်။ စတုတ္ထသင်ခန်းစာမှာ ဘဝနေဝင်ချိန်တွင် စည်းစိမ်ရာထူးထက် ဗုဒ္ဓအဆုံးအမတရားကိုသာ မွေ့လျော်ရမည်ဟူ၍ သမိုင်းသင်ခန်းစာကောင်းများ ချန်ရစ်ပြသ”**

### တိုက်ပွဲ၌ ရှမ်းအမျိုးသမီးသုံးဦးပါဝင်

ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ နှစ်ပေါင်းထောင်ချီ ရှည်လျားခဲ့ပြီဖြစ်သည့် သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေးမျှမျှတတ ရရှိခဲ့ကြသည်သာမက မိမိတို့မိသားစုအကျိုးမှသည် နိုင်ငံတော်၏ လူမှုစီးပွားအကျိုးအတွက်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်ခဲ့ကြသူများဖြစ်ပေသည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများတွင်သာမက နိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင်လည်း သူရသတ္တိပြည့်ဝစွာ လက်နက်စွဲကိုင်တိုက်ပွဲဝင်ခဲ့ကြသည့် သာဓကများရှိခဲ့ပါသည်။ ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲအတွင်း ဖြစ်ပွားခဲ့သည့် ဝက်ထီးကန်တိုက်ပွဲတွင် ရှမ်း-မြန်မာတပ်ဖွဲ့ဖြင့် နယ်ချဲ့တို့အား တိုက်ထုတ်ခဲ့ကြပါသည်။ အဆိုပါတိုက်ပွဲ၌ ရှမ်းအမျိုးသမီးသုံးဦးပါဝင်ခဲ့ပြီး တစ်ဦးကျဆုံးခဲ့သည်။ အဆိုပါ ရှမ်းအမျိုးသမီးသုံးဦး၏ စွမ်းဆောင်ချက်များနှင့်ပတ်သက်ပြီး ဗြိတိသျှမေဂျာ စနော့ဒ်ဂရတ်စ်က အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့၏-

**“ ဤစစ်သည်တော်များကို ကွပ်ကဲလာသူတို့တွင် စော်ဘွားများ၊ မင်းသားများသာမက အမျိုးသမီး သုံးဦးလည်းပါဝင်လေသည်။ အမျိုးသမီးသုံးဦးစလုံးမှာ သေနတ်ပြီးသူများဖြစ်ကြသည်ဟု ဆိုသည်။ အမျိုးသမီးလူစွမ်းကောင်းများသည် စစ်ဝတ်တန်ဆာများကိုဆင်ကာ မြင်းများကို ရဲရဲဝံ့ဝံ့စီးနင်းရင်း စစ်သည်တော်များအား အားပေးစကားများပြောကြသည်”** ဟူ၍ဖြစ်၏။ မြန်မာအမျိုးသမီးများ၏ စွမ်းရည်များနှင့် လူ့ဘောင်လောကအကျိုးစီးပွား ဆောင်ရွက်ခဲ့မှုများကို ဖော်ထုတ်ရလျှင် မြန်မာ့သမိုင်းမှ တစ်ဦးတည်းသောဘုရင်မကြီးဖြစ်သည့် ရှင်စောပုကို ချန်လှပ်ခဲ့၍ မရပါချေ။

အာဇာနည်အမျိုးသမီးကောင်းတစ်ဦးအဖြစ် သမိုင်းမှတ်တမ်း အထင်အရှားရှိခဲ့သော ဘုရင်မကြီး ရှင်စောပုသည် နောင်လာနောက်သားများအတွက် သင်ခန်းစာများပေးခဲ့သည်။ ပထမသင်ခန်းစာအနေဖြင့် နိုင်ငံကိုခေါင်းဆောင်မည့်သူသည် သတိ၊ ဉာဏ်အမြော်အမြင်ကြီးမားရမည်၊ ရဲဝံ့သတ္တိရှိရမည်။ ဒုတိယသင်ခန်းစာမှာ မိမိမရှိတော့သည့်နောက်ပိုင်းတွင် နိုင်ငံကိုခေါင်းဆောင်နိုင်ရန် လူတော် လူကောင်းကိုရွေးချယ်တတ်ရမည်။ တတိယသင်ခန်းစာမှာ ခေါင်းဆောင်သည် မိမိအတ္တအကျိုးကို ရှေ့တန်းမတင်ဘဲ နိုင်ငံနှင့် လူမျိုးအကျိုးကိုသာ ဦးစားပေးရမည်။ စတုတ္ထသင်ခန်းစာမှာ ဘဝနေဝင်ချိန်တွင် စည်းစိမ်ရာထူးထက် ဗုဒ္ဓအဆုံးအမတရားကိုသာ မွေ့လျော်ရမည်ဟူ၍ သမိုင်းသင်ခန်းစာကောင်းများ ချန်ရစ်ပြသသွားခဲ့သည့် ဘုရင်မကြီးပင်ဖြစ်ပါသည်။

### ထူးချွန်ထက်မြက်သည့်အမျိုးသမီးများ

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင်လည်း ထူးချွန်ထက်မြက်သည့် အမျိုးသမီးပေါင်းများစွာ ပေါ်ထွက်ခဲ့ပေသည်။ ကိုယ်ကျိုးစွန့်လွှတ်ကာ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည့် မာသာထရီဆာကဲ့သို့ အမျိုးသမီးသူရဲကောင်းအပြင် မဒမ်ကျူရီကဲ့သို့သော အမျိုးသမီး သိပ္ပံပညာရှင်လည်း ပေါ်ထွက်ခဲ့သည်။ ၁၉၀၃ ခုနှစ်တွင် ရေဒီယိုသတ္တုကြွခြင်းသီအိုရီ (Theory of Radioactivity) ကို ဖော်ထုတ်နိုင်ခဲ့သည့်အတွက် ပထမဆုံးသော နိုဘယ်ဆုရ ရူပဗေဒပညာရှင်အဖြစ် ရပ်တည်ခဲ့ပါသည်။ ဆေးသိပ္ပံနယ်ပယ်မှ ပေါ်ထွက်ခဲ့သော အမျိုးသမီးသူရဲကောင်းပင်ဖြစ်ပါ၏။

ထိုမှတစ်ဖန် အာကာသသိပ္ပံနယ်ပယ်တွင် ဆိုဗီယက်ပြည်ထောင်စုမှ ဗယ်လင်တီနာ တီရက်ရှ်ကိုဗာသည် ပထမဆုံးအမျိုးသမီး အာကာသယာဉ်မှူးဖြစ်ခဲ့ပြီး ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသမီးထုကြီးအတွက် အံ့အားသင့်စရာများကိုဖြစ်ပေါ်စေခဲ့သည်။ နိုင်ငံရေးနယ်ပယ်တွင်လည်း ထင်ရှားသည့်အမျိုးသမီး ခေါင်းဆောင်များ ပေါ်ထွက်ခဲ့သည်ကို သမိုင်းခေတ်ကာလအသီးသီးက သက်သေပြခဲ့ပါသည်။ ဘုရင်မကြီးများ၊ ဝန်ကြီးချုပ်များအဖြစ် တိုင်းပြည်၏ တာဝန်အရပ်ရပ်အား ထမ်းဆောင်ခဲ့ကြသည့်အပြင် မျက်မှောက်ကာလအထိ အမျိုးသမီးသမ္မတများနှင့် ဝန်ကြီးချုပ်များကိုမြင်တွေ့ရလျက်ရှိပါသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ အခွင့်အရေးများ ပြည့်ဝစွာရရှိလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပြီး နိုင်ငံများအလိုက် မတူညီသည့် ယဉ်ကျေးမှုပြဋ္ဌာန်းချက်များအရသာ ကွာဟမှုရှိနိုင်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

### သူ့ဒေသနှင့်သူ ကွဲပြားမှုများရှိနိုင်

မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံအရ ထေရဝါဒဗုဒ္ဓဘာသာအဆုံးအမပေါ်မူတည်သည့် လူမျိုးများပီပီ မြန်မာအမျိုးသမီးများသည် ခင်ပွန်းသည်အပေါ် အလေးအမြတ်ဂါရဝတရားထားကြသည်။ ဤနေရာတွင် လူ့အခွင့်အရေးနှင့် ဂါရဝတရားကို သီးခြားစီခွဲခြားနားလည်တတ်ကြဖို့လိုပါသည်။ အနောက်နိုင်ငံများ၏ ဒီမိုကရေစီနှင့် မြန်မာနိုင်ငံ၏ဒီမိုကရေစီတို့သည် သူ့ဒေသနှင့်သူ ကွဲပြားမှုများရှိနိုင်၏။ မြန်မာ့ယဉ်ကျေးမှုထုံးစံအရ **“သားကိုသခင်၊ လင်ကိုဘုရား”** အဖြစ် အမျိုးသမီးများက ခံယူကျင့်သုံးကြသည်။ သားနှင့်လင်ကို ဦးစားပေးခြင်းသည် လူ့အခွင့်အရေး ဆုံးရှုံးခြင်းမဟုတ်။ မိမိလူမျိုးဘာသာ၏ ကျိုးနွံနှိမ့်ချမှုပင်ဖြစ်၏။ အမျိုးသမီးများက ထိုသို့ခံယူကျင့်သုံးကြသကဲ့သို့ အမျိုးသားများကလည်း အမျိုးသမီးများအပေါ် စာနာစိတ်ဖြင့် စောင့်ရှောက်ဖေးမသူများဖြစ်ကြသည်။ ဘာသိဘာသာမနေတတ်ကြ။ လူတစ်ဦးအခက်အခဲဖြစ်လျှင် ကျား/မ မခွဲ ကူညီမှုပြုလိုသည်မှာ မြန်မာတို့၏ အစဉ်အလာပင်ဖြစ်သည်။

အမျိုးသမီးငယ်များ၊ သက်ကြီးရွယ်အိုများဆိုလျှင် ပို၍အလေးပေးစောင့်ရှောက်ကြသော လူမျိုးပင်ဖြစ်ပါသည်။ ရုရှားအမျိုးသမီးကြီးတစ်ယောက် ဈေးပစ္စည်းများနှင့် မနိုင်မနင်းဖြစ်နေသောကြောင့် ကူသယ်ပေးပါမည်ဟု ရိုးသားဖော်ရွေစွာ အပြုံးမျက်နှာဖြင့် ပြောသည်ကိုပင် မလိုလားကြောင်း တုံ့ပြန်ပြောဆိုခဲ့သည့် ဖြစ်စဉ်တစ်ခုနှင့် ရုရှားတွင် ကြုံတွေ့ခဲ့ရပါသည်။ နောက်မှသိရသည်မှာ သူတို့သည် တစ်ဖက်သားအကူအညီ သိပ်မယူတတ်ကြခြင်းပင်ဖြစ်ပါသည်။ မိမိတို့နိုင်ငံတွင် မည်သည့်ကျောင်းဆရာ တက္ကသိုလ်ဆရာကိုမဆို နာမည်တပ်မခေါ်ကြ။ “ဆရာ ဆရာမ” ဟုသာ နွေးထွေးစွာသုံးကြသည်။ သူတို့ဆီမှာက အမည်တပ်ခေါ်မှ ယဉ်ကျေးသည်ဟုဆိုသည်။ ဆိုလိုချင်သည်မှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားတတ်သော ယဉ်ကျေးမှု၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို တင်ပြလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ အမျိုးသမီးတို့သည် အိမ်ထောင်မှုတစ်ခုအတွင်း လှောင်ပိတ်နေသည်၊ ယဉ်ကျေးမှု အဆုံးအမအောက်တွင် လူ့အခွင့်အရေးများ ဆုံးရှုံးနေသည်ဟု အနောက်တိုင်းပေတံဖြင့် လှမ်းခံပြီး ထစ်မှတ်ယူ၍ မရပါချေ။

မြန်မာအမျိုးသမီးများ၏ ဂုဏ်သိက္ခာစောင့်ထိန်းမှုသည် လူ့အခွင့်အရေးအောက်တွင် မရှိဘဲ လူ့အခွင့်အရေးနှင့်အတူရှိသည့် ဂုဏ်သိက္ခာကျင့်ဝတ်များပင်ဖြစ်ပါသည်။ အမျိုးသမီးများ၏ အရှိန်အဟုန်မြှင့်တင်ရေးကို နိုင်ငံတစ်ခု၊ အဖွဲ့အစည်းတစ်ခု၏ စံနှုန်းဖြင့်တိုင်းတာလျက် တောင်းခံခြင်းသည် ကျိုးကြောင်းမဆီလျော်ပါချေ။ အမျိုးသမီး အခွင့်အရေးဟုဆိုကာ အစဉ်အလာကောင်းများနှင့် ယဉ်ကျေးမှုများကို ဆန့်ကျင်တွန်းလှန်စေရန် လှုံ့ဆော်မှုပြုခြင်းသည် နိုင်ငံတစ်ခု၏ လူငယ်များကို လမ်းမှားသို့ပို့ဆောင်ပေးနေခြင်းပင်ဖြစ်၏။ မြန်မာအမျိုးသမီးများသည် ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များကိုသင်ကြားခဲ့ရသူများပီပီ ကိုယ်ကျင့်တရားအလှ ကောင်းမွန်ကြသူများ ဖြစ်သည်။ မိန်းမကောင်းတို့၏ အလေ့အကျင့်စရိုက်များကို **စာမျက်နှာ ၇ သို့** ❖

# ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၂၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် ဆွေးနွေးပွဲများသို့ တက်ရောက်ရန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွမ်ပရာဘွမ်မြို့သို့ ထွက်ခွာ



ရန်ကုန် မေ ၂

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွမ်ပရာဘွမ်မြို့တွင် ၂၀၂၄ ခုနှစ် မေ ၃ ရက်မှ ၆ ရက်အထိ ကျင်းပပြုလုပ်မည့် (၂၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် ဆွေးနွေးပွဲများသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Air Asia လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာသွားရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများက လေဆိပ်တွင် လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

**တာဝန်ယူကျင်းပ**

(၂၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် ဆွေးနွေးပွဲများကို ယခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၆ မှ

မျိုးဆက်သစ် မိန်းမပျိုလေးများဆီ စီးကူးနိုင်ရေး အစဉ်အဆက် လက်ဆင့်ကမ်းပေးခဲ့ကြသည်။ ယနေ့ထက်တိုင် ပြောစမှတ်တွင်နေဆဲဖြစ်သည့် အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဘူလ တို့သည် မြန်မာတွင်သာမက ကမ္ဘာအထိစံနမူနာပြုဖွယ် အမျိုးသမီးကောင်းများအဖြစ် ကမ္ပည်းတင်နေဆဲဖြစ်သည်။ သူတို့၏မှတ်တမ်းများအား ကျမ်းဂန်အတ္ထုပ္ပတ္တိများဖြင့် စာဆိုကျော်များက ပြုစုခဲ့ကြသည်။ ကမ္ဘာမှာ တွေ့ရခဲသော မြန်မာအမျိုးသမီးလေးဦး၏ ကိုယ်ကျင့်သီလဆိုင်ရာ စွမ်းရည်များပင်ဖြစ်ခဲ့ပါသည်။

**မြန်မာအမျိုးသမီး ကုမ္ဘာရီအသင်းကို စတင်ဖွဲ့စည်း**

မြန်မာမင်းများလက်ထက် ခေတ်အဆက်ဆက်တွင် မြန်မာအမျိုးသမီးများသည် ပညာရေး၊ လူမှုရေး၊ စီးပွားရေးတို့တွင်သာမက အုပ်ချုပ်ရေးနယ်ပယ်အထိ ပါဝင်ခဲ့ကြပြီး ဂုဏ်ပြုချီးမြှောက်ခံရခြင်းများလည်းရှိခဲ့၏။ သို့သော် နယ်ချဲ့ဖက်ဆစ်လက်အောက်သို့ မိမိတို့တိုင်းပြည်ကျရောက်ခဲ့ချိန်မှစကာ အမျိုးသမီးများ၏ အခန်းကဏ္ဍလည်း မှေးမှိန်ခဲ့ရလေသည်။ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သည့် ကာလတစ်လျှောက် ဝက်ထီးကန်တိုက်ပွဲမှရှမ်းအမျိုးသမီးသုံးဦးအပြင် ပုဂံဗိုလ်ချို၏ဇနီး၊ ချင်းပြည်နယ်ထုတ်လိုက်ရွာတိုက်ပွဲတွင် ချင်းတော်လှန်ရေးသမားများနှင့်အတူ ချင်းအမျိုးသမီး ရှစ်ဦးကလည်း အသက်ပေးလှူတိုက်ပွဲဝင်ခဲ့ကြသည်။ ကိုလိုနီခေတ်တွင်လည်း အမျိုးသားများနှင့်အတူ ဆက်လက်ပါဝင်ကာ နိုင်ငံရေးတိုက်ပွဲများ ဆင်နွှဲခဲ့ကြပြန်သည်။ အမျိုးသမီးများ၏ အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန် ၁၉၁၉ ခုနှစ်တွင် "မြန်မာအမျိုးသမီး ကုမ္ဘာရီအသင်း" ကို စတင်ဖွဲ့စည်းခဲ့သည်။

ထိုအသင်းကြီးသည် ဂျီစီဘီအေ၏ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ခဲ့လေသည်။ မြန်မာအမျိုးသမီးများ လူမျိုးခြားဘာသာခြားနှင့် လက်ထပ်လျှင် ဘာသာကိုထိခိုက်ရုံမျှမက အမွေဆက်ခံခွင့်မရှိသဖြင့်လည်း နစ်နာကြောင်း၊ ဗုဒ္ဓဘာသာဝင် အချင်းချင်းလက်ထပ်သင့်ကြောင်းတို့ဖြင့် ဟောပြောခဲ့ကြသည်။ ကုမ္ဘာရီအသင်း၏ တောင်းဆိုမှုဖြင့် မီးရထားစီးရာတွင် အမျိုးသမီးသီးသန့်နေရာရရှိခဲ့သည်။ ရန်ကုန်မြို့ အနှံ့အပြားကုမ္ဘာရီအမျိုးသမီးအသင်းများ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြကာ ဆရာတော် ဦးဥတ္တမ၏ညွှန်ကြားချက်အရ ရွှေတိဂုံဘုရားအင်္ဂါထောင့်ရှိ အင်္ဂလိပ်စစ်သင်္ချိုင်းကို အမျိုးသမီးများကိုယ်တိုင်ဖျက်ရန် ကြံစည်ခဲ့သည်အထိ အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွခဲ့ကြသည်။ ၁၉၂၉ ခုနှစ်ကျောင်းသားသပိတ်တွင်လည်း နယ်ချဲ့တို့၏ ပညာရေးစနစ်ကို တွန်းလှန်သည့်အထဲတွင် စိန့်မေရီကျောင်း၊ ကြည့်မြင်တိုင် အေဘီအမ်မိန်းကလေးကျောင်းတို့မှ ကျောင်းသူများကလည်း ရဲရဲတောက်ပါဝင်ဆန့်ကျင်ခဲ့ကြသည်။ အမျိုးသမီးအခွင့်အရေးကို ရှေ့တန်းတင်လျက် ဒီမိုကရေစီကိုအကြောင်းပြကာ ဟီရိသြတ္တပ္ပကို ချိုးဖောက်ခဲ့ခြင်းမျိုးမရှိခဲ့ပါချေ။ အထူးသတိပြုရမည့်အချက်ဖြစ်ပါသည်။

နိုင်ငံတော်ကာကွယ်ရေးအတွက် မြန်မာ့တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများကိုပါ ထမ်းဆောင်စေခဲ့သည်။ ယနေ့အချိန်တွင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းကိုပါ လေ့ကျင့်သင်ကြားပေးလျက်ရှိပြီဖြစ်၏။ နိုင်ငံတော်နှင့်တပ်မတော်၏သမိုင်းတွင် ရဲစွမ်းသတ္တိဆိုင်ရာ သူရဘွဲ့ကို အမျိုးသမီးထဲမှ ထူးထူးခြားခြားတစ်ဦးသာရရှိခဲ့ပါသေးသည်။ ထိုအမျိုးသမီးသည်ကား "မချစ်ပို" ပင်ဖြစ်၏။ **"သူရမချစ်ပို"**တည်းဟူသော အာဇာနည်ရဲမေသည် သတ္တိအရာတွင် စံတင်ခဲ့ကာ တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိခဲ့သည့် အမျိုးကောင်းသမီးတစ်ဦးအဖြစ် ယနေ့ထက်တိုင် လူသေသော်လည်း နာမည်မသေခဲ့သူဖြစ်ပါသည်။

မြန်မာအမျိုးသမီးများသည် အားကစားကဏ္ဍဖြင့်လည်း တိုင်းပြည်၏ ဂုဏ်သိက္ခာကိုမြှင့်တင်ပေးခဲ့ကြပါသေးသည်။ ကမ္ဘာတွင်ထင်ရှားသည့် ဖလောရင့်နိုက်တင်ဂေးလ်ဆုကိုလည်း မြန်မာနိုင်ငံမှ ဗိုလ်မှူး ဒေါ်ခင်အုန်းမြ (၁၉၆၄ ခုနှစ်)နှင့် ဒေါ်အမ်ယောနမ် (၁၉၈၃ ခုနှစ်) တို့က ရရှိခဲ့ကြသည့်အတွက် လွန်စွာဝမ်းမြောက်ဂုဏ်ယူစရာပင်ဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းမှသည် ယနေ့တိုင်အောင် အစိုးရအုပ်ချုပ်ရေးအဖွဲ့အစည်းတွင် ဝန်ကြီးအဆင့် အမျိုးသမီးများလည်း ရှိခဲ့ရှိနေဆဲပင်ဖြစ်၏။ အနုပညာဆိုင်ရာတွင်လည်း ထူးချွန်ထက်မြက်သည့် စာပေပညာရှင်အမျိုးသမီးများစွာပေါ်ထွက်ခဲ့ပါသည်။ ဆရာမကြီး ဂျာနယ်ကျော် မမလေး၊ စောမုံညင်း၊ မကြည်၊ ခင်ဆွေဦး၊ ခင်ဆွေယု၊ မိုးမိုး(အင်းလျား)၊ မစန္ဒာ စသည့် ဂန္ထဝင်မြောက်စာရေးဆရာမကြီးများပေါ်ထွက်ခဲ့ပြီး တိုင်းကျိုးပြည်ပြု စာပေများစွာဖန်တီးကာ ပြည်သူတို့ကို နှိုးဆော်မှုများဖွင့်ပေးခဲ့ကြသည်။

ရှေးအခါက ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းသော မြန်မာအမျိုးသမီးများ၏ ဂုဏ်သတင်းသည် ယနေ့ခေတ်တိုင် မွှေးရနံ့ထင်ကျန်ဆဲဖြစ်၏။ လေဘာတီမဖြရင် အကဖျော်ဖြေရာတွင် ခြေသလုံးမြင်အောင်ကပါက ဆုတော်ငွေချီးမြှင့်မည်ဟု အမျိုးသားတစ်ဦးက တောင်းဆိုခဲ့ဖူးကြောင်း မှတ်သားရသည်။ တစ်နိုင်ငံလုံး၏ အချစ်တော် သဘင်အနုပညာရှင် လေဘာတီမဖြရင်က ထိုကမ်းလှမ်းမှုကို ငြင်းဆိုကာ မြန်မာမှုကို ထိန်းသိမ်းပြသသွားသည်မှာ လေးစားဖွယ်စိတ်ဓာတ်ပင်ဖြစ်ပါသည်။

**အုပ်တစ်ချပ်သဲတစ်ပွင့်ပမာ ပါဝင်ခဲ့ကြ**

မြန်မာတွင်သာမက ကမ္ဘာပေါ်ရှိ အမျိုးသမီးတိုင်းသည် ဖွံ့ဖြိုးတိုးတက်သော လူ့ဘောင်တစ်ခုတည်ဆောက်ရာတွင် အုပ်တစ်ချပ်သဲတစ်ပွင့်ပမာ ပါဝင်ခဲ့ကြသူများဖြစ်သည်ကို သမိုင်းက အထောက်အထားအခိုင်အမာပြလျက်ရှိနေသည်။ ကမ္ဘာတွင် မာသာထရီဇာ ရှိသကဲ့သို့ မြန်မာတွင်လည်း ဘွားဦးဇွန်းရှိခဲ့သည်။ မြန်မာတွင် သူရမချစ်ပို ရှိသကဲ့သို့ ကမ္ဘာတွင်လည်း ပိုလန်နိုင်ငံသူ အိုင်ရင်းဂတ်၊ အိန္ဒိယမှ နီဂျားဘာနော့ စသည့် အမျိုးသမီးငယ်လေးများပေါ်ထွက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမနီတို့ ဖမ်းဆီးထားသည့် ဂျူးလူမျိုးများအား တောတွင်းစခန်းတစ်နေရာမှ လွတ်မြောက်ရေးကြိုးပမ်းခဲ့သူ အိုင်ရင်းဂတ်မှာ မိမိအသက်ကို ပဓာနမထားဘဲ ကူညီကယ်ဆယ်ပေးခဲ့သူဖြစ်သည်။ လူတစ်ဖက်သားအသက်ပေါင်းများစွာကို စွန့်စားကယ်တင်ခဲ့သည့် ၎င်း၏လုပ်ရပ်အတွက် ၁၉၈၂ ခုနှစ်တွင် အစ္စရေးနိုင်ငံက ထိုအမျိုးသမီးအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ခဲ့သည်။

အိန္ဒိယသူလေး နီဂျားဘာနော့၏ လုပ်ရပ်ကလည်း တကယ့် စွန့်စားမှုတစ်ခုပင်။ သူသည် ၁၉၈၆ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင်ဖြစ်ပွားခဲ့သည့် ပါကစ္စတန်နိုင်ငံ ကရာချီလေဆိပ်အကြမ်းဖက်မှုတွင် အသက်စွန့်ခဲ့သူလေးဖြစ်သည်။ အကြမ်းဖက်သမားတို့ကို တတ်နိုင်သမျှလှည့်စားကာ ခရီးသည်များနှင့် လေယာဉ်မှူးများကို ဘေးကင်းအောင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး နောက်ဆုံး ကလေးငယ်သုံးဦးကို အသက်ကယ်ပေါက်မှ ဆင်းသက်နိုင်ရေးကြိုးစားစဉ် သေနတ်မှန်ကာ သေဆုံးခဲ့ရခြင်းဖြစ်၏။ ကလေးများ၏အသက်ကိုကယ်ရင်း အကြမ်းဖက်သမားတို့၏ ကျည်များကို ကာကွယ်ပေးခဲ့ခြင်းဖြစ်သည်။ အံ့ဖွယ်အမျိုးသမီးအာဇာနည်များပင်ဖြစ်ပါ၏။

မြန်မာအမျိုးသမီးတို့၏ စွမ်းဆောင်ရည်သည် ကမ္ဘာနှင့်သော်လည်းကောင်း၊ ဒေသတွင်း၌သော်လည်းကောင်း နိမ့်ပါးခြင်းမရှိခဲ့ဘဲ ပခုံးချင်းယှဉ်နိုင်သည့် အနေအထားတွင်ရှိနေပါသည်။ သမိုင်းကြောင်းအထောက်အထားများက အထင်ရှားဆုံးသက်သေများပင်ဖြစ်ပါ၏။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံအုပ်ချုပ်ရေးမှသည် အနုပညာ အားကစားနယ်ပယ်အသီးသီးအထိ ခြေဆန့်နိုင်ခဲ့ကြသည်။ သို့တိုင်အောင် ယနေ့အချိန်အခါတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်ခွင့်အား လူ့အခွင့်အရေး၏အခြေခံသဘောတရားများဖြင့် ချိန်ထိုးလာခဲ့ကြသည်ကို တွေ့ရှိရသည်။

**အမျိုးသမီးများ၏အခန်းကဏ္ဍ မြှင့်တင်ဆောင်ရွက်**

**"အများပြည်သူဆိုင်ရာဘဝနှင့် ဆုံးဖြတ်ချက်ချမှုတို့၌ ပါဝင်ဆောင်ရွက်ခွင့်သည် အမျိုးသမီးများ၏ အခွင့်အရေးဖြစ်သည်"** ဟု အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ်( Convention on the Elimination of All forms of Discrimination Against Women–CEDAW)၌ ပြဋ္ဌာန်းထားခဲ့ပါသည်။ ယင်းစာချုပ်ကို ၁၉၉၇ ခုနှစ်တွင် မြန်မာအစိုးရက လက်မှတ်ရေးထိုးခဲ့ပြီး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတို့အနေဖြင့်လည်း မိမိတို့နိုင်ငံ၏ ဒီမိုကရေစီစနစ်နှင့် ယဉ်ကျေးမှုကို သွေဖည်ခြင်းမရှိဘဲ အမျိုးသမီးများ၏အခန်းကဏ္ဍ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိနေပါသည်။ ၂၀၂၃ ခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်အဖြစ် အီရန်နိုင်ငံသူ နာဂစ်မိုဟမ်မဒီက သတ်မှတ်ခံခဲ့ရပြီး စပိန်အမျိုးသမီးဘောလုံးအသင်းမှ ဘွန်မာတီက ၂၀၂၃ ခုနှစ်အတွက် တစ်နှစ်တာအမျိုးသမီးအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

လောကကြီး တည်ငြိမ်အေးချမ်းရေးမှသည် ပျော်ရွှင်ရေးတို့အတွက် ဖျော်ဖြေမှုရသစုံ ဖန်တီးနိုင်စွမ်းရှိသည့် အမျိုးသမီးတို့ထံတွင် ပညာရေး၊ လူမှုရေး၊ စီးပွားရေးတို့သာမက နိုင်ငံရေးနှင့် အုပ်ချုပ်ရေးကဏ္ဍစုံကိုပါ ယခုထက်မက ပိုမိုမျိုးစေ့ချမြုပ်နှံပေးကြမည်ဆိုပါလျှင် မဝေးတော့သော အနာဂတ်ကာလတစ်ခုတွင် ရှိပြီးသားအရှိန်အဟုန်ထက် ပိုမိုတိုးတက်ကောင်းမွန်သော လူ့ဘောင်သစ်တစ်ခုကို တည်ဆောက်နိုင်လိမ့်မည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။ ။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

နေပြည်တော် မေ ၂

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးနေမည်။

မိုး/ဇလ

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် မေ ၂

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) သို့ ရောက်ရှိပြီး အောက်ဆီဂျင်ထုတ်လုပ်ရေးအလုပ်ရုံ၊ စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအလုပ်ရုံ၊ ဓာတ်အားခွဲရုံ၊ ရေသန့်စင်စက်ရုံ၊ သံရည်ကျိုအလုပ်ရုံတို့တွင် တပ်ဆင်ထားရှိသည့် စက်ပစ္စည်းကိရိယာများ စစ်ဆေးပြုပြင်နေမှု၊ စက်ပစ္စည်းကိရိယာများ တပ်ဆင်နေမှု၊ ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်း အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ်ပြည်ထောင်စုဝန်ကြီးက စက်ရုံပြန်လည်လည်ပတ်နိုင်ရေး လုပ်ငန်းများ စတင်ဆောင်ရွက်ချိန်မှ စ၍ ယနေ့အထိ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို စနစ်တကျ မှတ်တမ်းထားရှိ၍ သိမ်းဆည်းထားရန်၊ စစ်ဆေးပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသည့် အလုပ်ရုံခွဲ ၁၉ ရုံတို့ရှိ စက်ပစ္စည်းကိရိယာများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် စစ်ဆေးပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို အစီအမံများ ရေးဆွဲဆောင်ရွက်ရန်၊ စက်တပ်ဆင်ရေး လုပ်ငန်းများကို သတ်မှတ်အရည်အသွေးများနှင့် ကိုက်ညီမှုရှိအောင် ကြပ်မတ် ဆောင်ရွက်ရန်နှင့် လုပ်ငန်းများပြီးစီးပါက လွတ်လပ်သော ပြင်ပပညာရှင်များအဖွဲ့ (Third Party) ဖြင့် စစ်ဆေးသွားရန်၊ နိုင်ငံတော်အတွက် လိုအပ်သည့် အထူးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်၍ လုပ်ငန်းတာဝန်များကို အလေးထားဆောင်ရွက်ရန်၊ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် မိမိတစ်ဦးတည်း တတ်မြောက်နေရုံဖြင့်မပြီးဘဲ လက်အောက်ဝန်ထမ်းများကိုလည်း လေ့ကျင့်သင်ကြားပေးရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံစားရိပ်သာ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပုဒ်မများကို အသေးစိတ် ပြန်လည်ရှင်းလင်းပြောကြားပြီး ရှင်းလင်းပြောကြားခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ဝန်ထမ်းများ၏ ဆွေမျိုးများ၊ နီးစပ်ရာအသိုင်းအဝိုင်းတို့တွင် ထပ်ဆင့် ပြန်လည်ရှင်းလင်းပြောကြားရန် မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ကျင့်သုံးသည့် နိုင်ငံရှိသကဲ့သို့ မကျင့်သုံးသည့် နိုင်ငံများလည်းရှိကြောင်း၊ အချို့နိုင်ငံများတွင် အရေးပေါ်အခြေအနေဖြစ်ပေါ်မှသာ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းကျင့်သုံးကြောင်း၊ မြန်မာနိုင်ငံတွင် ယခင်က တစ်ဦးချင်းစီ၏ သဘောဆန္ဒအရသာ စစ်မှုထမ်းဆောင်ခဲ့ကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဥပဒေသည် ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးသည့် နိုင်ငံများအတွက် အလွန်အရေးပါသည့် ဥပဒေဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာသည့် ဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**






# သင်္ကြန်ယိမ်းအဖွဲ့များ သင်္ကြန်အကအလှများ ဇာတ်တိုက်လေ့ကျင့်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် မေ ၂**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ကျင်းပနိုင်ရန်၊ ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူများ မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန် မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ဌာနဆိုင်ရာများအလိုက် သင်္ကြန်ယိမ်းအဖွဲ့များဖြင့် သင်္ကြန်အကအလှများ ဇာတ်တိုက်လေ့ကျင့်လျက်ရှိသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကလည်း နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်နှင့် နေပြည်တော် လမ်းလျှောက်သင်္ကြန်တို့တွင် သင်္ကြန်အကအလှများဖြင့် ဖျော်ဖြေရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လေ့ကျင့်ရေးကဇာတ်ရုံ၌ ယိမ်းအဖွဲ့များ ဇာတ်တိုက်လေ့ကျင့်နေမှုကို ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဝန်ကြီးဌာနအနေဖြင့် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် "ကဲကြမယ် ဒီရေပွဲ" တေးသီချင်းဖြင့်လည်းကောင်း၊ နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင် "တစ်နှစ်နွမ်း တစ်နှစ်ဆန်း"နှင့် "ရွှေဦးကဗျာ" တေးသီချင်းများဖြင့်လည်းကောင်း ပါဝင်ကပြဖျော်ဖြေသွားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပေါင်မြို့နယ်၌ သထုံခရိုင်ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများ(အခမဲ့)ကွင်းဆင်းကုသ

**ပေါင် မေ ၂**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှု၊ မွန်ပြည်နယ်ကုသရေးဦးစီးဌာန၏အစီအစဉ်ဖြင့် သထုံခရိုင် ပြည်သူ့ဆေးရုံ၊ သထုံခရိုင်ကျန်းမာရေးဦးစီးဌာနနှင့် ပေါင်မြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော သထုံခရိုင်ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများ(အခမဲ့)ကွင်းဆင်းဆေးကုသမှုကို ယနေ့နံနက်ပိုင်းက သဲကုန်းတိုက်နယ်ပြည်သူ့ဆေးရုံ၌ ပြုလုပ်သည်။

**ကုသမှုပြုလုပ်**

ထိုသို့ ဆေးကုသမှုခံယူရန်အတွက် တာဝန်ကျသူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းခြင်း၊ ဆီးချိုများ စစ်ဆေးခြင်းများ ပြုလုပ်ပေးခဲ့ကြပြီး အထူးကုဆရာဝန်(သမားတော်)၊ အထူးကုဆရာဝန်(အရိုး)၊ အထူးကုဆရာဝန်(သွား)၊ အထူးကုဆရာဝန်(သားဖွား၊ မီးယပ်)၊ အထူးကုဆရာဝန်(ကလေး)၊ အထူးကုဆရာဝန်(ခွဲစိတ်)၊ လက်ထောက်ဆရာဝန်(ဆေးပညာ)၊ လက်ထောက်ဆရာဝန် (ဓာတ်မှန်)တို့က လူနာ များကို အသေးစိတ်ကုသမှုပြုလုပ်ခဲ့သည်။

ထိုသို့ ဆေးကုသမှုကို သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့်အဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့သည်။ ဆေးကုသမှုကုန်ကျစရိတ်အတွက်လည်း ကွဲခြံကျေးရွာမှ ဦးမင်းမင်းစိုးနှင့်အဖွဲ့ဝင်များက ငွေကျပ် ၁၀ သိန်း လှူဒါန်းပေးခဲ့သည်။ ဆေးကုသမှုခံယူရာတွင် သဲကုန်းကျေးရွာ၊ ကျုံဟော်ကျေးရွာ၊ ညောင်းကုန်းကြီးကျေးရွာ၊ ထန်းပင်ချောင်လေးကျေးရွာ၊ မြလေးချောင်ကျေးရွာရှိပြည်သူများ လာရောက်ဆေးကုသမှုခံယူခဲ့ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**



# မိတ္ထီလာမြို့နယ်၌ အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးငယ်များအား Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးမှု ကြည့်ရှုအားပေး

**မိတ္ထီလာ မေ ၂**

မိတ္ထီလာမြို့နယ်၌ ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ အသက်တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များအား Catch-up အမီလိုက်နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း အစီအစဉ်ကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ရာ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ




ဝင်းနိုင်နှင့်အဖွဲ့ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း အစီအစဉ်ကို မေ ၁ ရက်မှ ၇ ရက်အတွင်း ကျန်းမာရေးဌာနနှင့် ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ကျေးရွာ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# တက်ဟုန်ပြည်နယ်ခွဲကော်ဖီနှင့် စိုက်ပျိုးရေးထုတ်ကုန်များ မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် ဧပြီ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်ပြည်နယ်ခွဲပြည်သူ့အစိုးရနှင့် တက်ဟုန်ပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးတို့ ပူးပေါင်းကျင်းပသည့် တက်ဟုန်ပြည်နယ်ခွဲ ကော်ဖီနှင့် စိုက်ပျိုးရေးထုတ်ကုန်များ မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ M Gallery Hotel ရောဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဒေါက်တာမျိုးသန့်နှင့် ဦးမင်းမင်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးမှ တာဝန်ရှိသူများ၊ တရုတ်ကွန်မြူနစ်ပါတီ တက်ဟုန်ပြည်နယ်ခွဲပါတီ ကော်မတီအတွင်းရေးမှူး မစ္စတာကျန်းစန်း၊ တက်ဟုန်ပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးနှင့် တက်ဟုန်ပြည်နယ်ခွဲ ကော်ဖီကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား တက်ဟုန်ပြည်နယ်ခွဲ ကော်ဖီကုမ္ပဏီများဖြစ်ကြသည့် Hou Gu ကုမ္ပဏီလီမိတက်၊ Yun Cha Wu ကုမ္ပဏီလီမိတက်၊ Hei Rou ကုမ္ပဏီလီမိတက်နှင့် Yi Nuo Chun ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများက ကုမ္ပဏီများအလိုက် ကော်ဖီများနှင့် စိုက်ပျိုးရေးထုတ်ကုန်များကို မိတ်ဆက်ပြသသည်။

ထို့နောက် တရုတ်ကွန်မြူနစ်ပါတီ တက်ဟုန်ပြည်နယ်ခွဲ ပါတီကော်မတီ အတွင်းရေးမှူးက တက်ဟုန်ကော်ဖီနှင့် စိုက်ပျိုးရေးထုတ်ကုန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မြန်မာနိုင်ငံအနေဖြင့် မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေးနှင့် ကော်ဖီအဓိက တင်ပို့ရောင်းချသည့်နိုင်ငံ ဖြစ်လာစေရန် ရည်ရွယ်၍ ကော်ဖီတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်ဖီဗဟိုအဖွဲ့ကို ၂၀၂၂ ခုနှစ် မေ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေး၊ အဓိကပို့ကုန်တစ်ခုအဖြစ် တင်ပို့နိုင်သည်အထိ ဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံအတွင်း ကော်ဖီတိုးချဲ့စိုက်ပျိုးရာတွင် ကော်ဖီတန်ဖိုး ကွင်းဆက်လုပ်ငန်းများဖွံ့ဖြိုးမှု ရရှိစေရေးတို့အတွက် အရှိန်အဟုန်မြှင့် အထောက်အကူပြု ဆောင်ရွက်နိုင်ရန် မြန်မာ့ကော်ဖီ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအဖွဲ့ (Myanmar Coffee Export Promotion Task Force) ကို မိမိတို့ဝန်ကြီးဌာနက ဦးဆောင်ပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံကော်ဖီအသင်းတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် Road Map နှင့် Action Plan တို့ ရေးဆွဲရန်၊ ကော်ဖီကဏ္ဍအတွက် အာဆီယံနိုင်ငံများသို့ လေ့လာရေးသွားရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ ကော်ဖီဈေးကွက် ဖွံ့ဖြိုးရေးကုန်စည်ဒိုင်တစ်ခု တည်ထောင်ဖွင့်လှစ်ရေး စီမံချက်ရေးဆွဲအဆိုပြုရန်နှင့် ကော်ဖီပို့ကုန်တိုးတက်ရေးလုပ်ငန်းအဖွဲ့အနေဖြင့် ကော်ဖီဗဟိုအဖွဲ့အား အထောက်အကူပြုရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်သည် တရုတ်နိုင်ငံ၏ ကော်ဖီအများဆုံး စိုက်ပျိုးထုတ်လုပ်သည့်ဒေသဖြစ်ပြီး နိုင်ငံ၏ ကော်ဖီစိုက်ပျိုးမှု၏ ၉၅ ရာခိုင်နှုန်းရှိသည်ဟု သိရပါကြောင်း၊ ယူနန်ပြည်နယ်၏ ကော်ဖီထွက်သည့်ဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် တက်ဟုန်ပြည်နယ်ခွဲတွင် ယခင်က ကုန်းနိမ့်ကော်ဖီကို စိုက်ပျိုးသော်လည်း ယခုအခါ ကုန်းမြင့်ကော်ဖီကိုသာ အများဆုံး စိုက်ပျိုးနေသည်ဟု သိရှိရပါကြောင်း၊ ကော်ဖီထွက်သည့်ဒေသဖြစ်သောကြောင့် မြန်မာ့ကော်ဖီလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ကော်ဖီအသင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများနှင့် နည်းပညာမျှဝေခြင်း၊ အသိပညာပေးဝေခြင်း အစီအစဉ်များ ပူးပေါင်းဆောင်ရွက်ရန်လည်း ဖိတ်ခေါ်ပါကြောင်း။

ယနေ့ကျင်းပသည့် မိတ်ဆက်ပြပွဲတွင် တက်ဟုန်ကော်ဖီကုမ္ပဏီ ရှစ်ခုမှ ကော်ဖီစေ့၊ ကော်ဖီမှုန့်၊ အသင့်ဖျော်ကော်ဖီ၊ လက်ဖက်ခြောက်တို့ကို အဓိကပြသထားသည်ကို တွေ့ရှိရပါကြောင်း၊ တက်ဟုန်ပြည်နယ်အနေဖြင့် မြန်မာနိုင်ငံမှ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ယခုကဲ့သို့ ကော်ဖီအပါအဝင် ပြပွဲများ လာရောက်ပြသနိုင်ရန် ဖိတ်ခေါ်ပါကြောင်း၊ မြန်မာ့ကော်ဖီလုပ်ငန်းရှင်များနှင့် ညီနောင်လုပ်ငန်းရှင်များအသင်းအနေဖြင့်လည်း တရုတ်နိုင်ငံ၏ ကော်ဖီအပါအဝင် ကုန်သွယ်မှုကဏ္ဍအသီးသီး၏ စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့မှုစသည့် တန်ဖိုးကွင်းဆက်ကို လေ့လာပြီး နှစ်နိုင်ငံအကြား အလားအလာရှိသည့်ကဏ္ဍများတွင် ကုန်သွယ်မှုပိုမိုတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တက်ဟုန်ပြည်နယ်အနေဖြင့် ယခုကဲ့သို့ မြန်မာနိုင်ငံသို့ လာရောက်ပြီး ကော်ဖီမိတ်ဆက်ပွဲ ကျင်းပကာ တက်ဟုန်ကော်ဖီလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံကော်ဖီအသင်းတို့အကြား တွေ့ဆုံဆွေးနွေးခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မြန်မာနိုင်ငံအတွင်း မြန်မာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်နေမှုနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး တက်ဟုန်ပြည်နယ်ခွဲပြည်သူ့အစိုးရနှင့် တက်ဟုန်ပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးမှ တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသူများကို ညစာဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ရပ်စောက်မြို့ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းကြည့်ရှု

**ရပ်စောက် ဧပြီ ၂**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဧပြီ ၂ ရက် နံနက် ၁၀ နာရီခွဲက ရပ်စောက်မြို့ UNTQUE LAWK SAWK MANGO PUBLIC Co,Ltd သရက်ခြံအား သွားရောက်ကြည့်ရှုရာ သရက်ခြံတာဝန်ခံ ဦးမြင့်ဦးက သရက်သီးစိုက်ပျိုး၊ ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် သရက်သီးထုတ်လုပ်သည့် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည်



ရပ်စောက်မြို့ မကျီးကုန်းကျေးရွာရှိ ပွင့်ကောင်းနှင့် ခင်နွဲ့ရီကော်ဖီခြံအား သွားရောက်ကြည့်ရှုရာ ခြံတာဝန်ခံက ကော်ဖီခြံစိုက်ပျိုးထားမှု၊ သရက်စိုက်ပျိုးထားမှုနှင့် ရော်ဘာပင် စိုက်ပျိုးထားရှိမှုတို့ကို ရှင်းလင်းပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကော်ဖီခြံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ရပ်စောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့ တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ဌာနဆိုင်ရာများ လုပ်ငန်းဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရန် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးကြရန်၊ မိမိဌာန ရည်မှန်းချက်အတိုင်း ဆောင်ရွက်ပေးကြရန်၊ မြေပြင်တွင် လုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်ရမည့်ကိစ္စရပ်များရှိပါက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ငင်းနောက် ရပ်စောက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဒေသဆိုင်ရာ အချက်အလက်များနှင့် လိုအပ်ချက်များ ရှင်းလင်းတင်ပြကာ တက်ရောက်လာသည့် ဌာနဆိုင်ရာများက ဒေသလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသလိုအပ်ချက်များကို ကူညီဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရပ်စောက်မြို့ ယမ်းတွင်းငါးကြောင်အုပ်စု ပိန္နဲပင် (ရွာသစ်)ကျေးရွာတွင် ဦးဂျာကနပ်မွေးမြူထားသော ကောင်ရေ ၁၂၀၀၀ ရှိ ဥစားကြက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုပြီး ရပ်စောက်မြို့ အင်းခေါင်ကန်မှ ရေပေးဝေနေမှုနှင့် ပိန်းချောင်းဆည်အထွေထွေ ပြုပြင်ခြင်းလုပ်ငန်းများကိုသွားရောက်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ခန္တီးမြို့နယ်၌ သောက်သုံးရေရရှိစေရေး လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ခန္တီး ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လိုက်ခေါ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ခန္တီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်းနှင့် တာဝန်ရှိသူများသည် ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ လိုက်ခေါ်ကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန် အကြံပြုဆွေးနွေးမှာကြားခဲ့သည်။

လိုက်ခေါ်ကျေးရွာ၌ အဆိုပါလက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းသည် အကျယ် လေးပေ အနက်ပေ ၅၀ ရှိပြီး တိုင်းဒေသကြီးမှုလခွင့်ပြုရန်ပုံငွေကျပ် ၉၅ သိန်းဖြင့် ဦးစီးဌာနရှိ အင်ဂျင်နီယာများနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ။

# ခရီးသွားကဏ္ဍမြှင့်တင်ရေးကို အထောက်အကူပြုနိုင်သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့် အခွင့်အလမ်းများဆိုင်ရာဆွေးနွေးပွဲ(Investment Forum)ကျင်းပ

နေပြည်တော် ဧပြီ ၂

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ခရီးသွားကဏ္ဍမြှင့်တင်ရေးကို အထောက်အကူပြုနိုင်သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့် အခွင့်အလမ်းများဆိုင်ရာ ဆွေးနွေးပွဲ(Investment Forum)ကို ယနေ့တွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁၁) စုဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနကြီးမှူးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ နေပြည်တော်ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များ၊ B.O.T ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နိုင်ငံအတွင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လမ်းမိုင်ပေါင်း လေးသောင်းကျော်ရှိသည့်အနက် လမ်းမိုင်သုံးထောင်ကျော်အား B.O.T စနစ်ဖြင့် ခွင့်ပြုပေးထားပါကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့်ချိတ်ဆက်ထားသော အာရှအဝေးပြေး လမ်းမကြီးများနှင့်ချိတ်ဆက်သည့် B.O.T လမ်းများကိုလည်း အာဆီယံ စံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ B.O.T လမ်းများ အရည်အသွေးပြည့်မီစေရန် အကဲဖြတ်အညွှန်းကိန်းများ Key Performance Indicators ( KPIs ) , International Roughness Index (IRI) များဖြင့် စစ်ဆေးခြင်း၊ လုပ်ငန်းသစ်များ ခွင့်ပြုပေးနိုင်ရေး စိစစ်တင်ပြခြင်း၊ B.O.T စာချုပ်များ ပြင်ဆင်ချုပ်ဆိုခြင်း၊ ခေတ်ကာလနှင့်အညီ လမ်းအသုံးပြုခနှုန်းထားများ ပြင်ဆင်နိုင်ရေးအတွက် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း။

ခရီးသွားကဏ္ဍမြှင့်တင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းများကို B.O.T စနစ်ဖြင့် ဆောင်ရွက်ရာတွင် လိုက်နာရမည့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ လက်ရှိဆောင်ရွက်နေသည့် B.O.T ကုမ္ပဏီများ၏ အတွေ့အကြုံ၊ အခက်အခဲများနှင့် စိန်ခေါ်မှုများကို မျှဝေဆွေးနွေးသွားမည်ဖြစ်သည့်အတွက် ယနေ့ Forum သို့ တက်ရောက်လာသူများအနေဖြင့် သိသင့်သိထိုက်သော အကြောင်းအရာများဖြစ်၍ စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆွေးနွေးပြီး အတွေ့အကြုံကောင်းများ ရရှိလိမ့်မည်ဟုယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာရည်မှန်းချက်များ၊ အာဆီယံမှ ရေးဆွဲအတည်ပြုထားပြီးဖြစ်သော အာဆီယံခရီးသွား လုပ်ငန်းဆိုင်ရာ စံနှုန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် အစိုးရ၊ ပုဂ္ဂလိက ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်သည့် Working Group ငါးဖွဲ့ကို ဖွဲ့စည်းပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးအဖြေရှာ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက်လာစေရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့(Destination Management Organization–DMO)များ ဖွဲ့စည်းပြီး ခရီးသွားမြှင့်တင်ရေးအတွက် DMO Forum များကို ကျင်းပဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဆောက်လုပ်ရေးကဏ္ဍနှင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ပေါင်းစပ်ညှိနှိုင်းနိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွေးနွေးဖော်ထုတ်အဖြေရှာ ဆောင်ရွက်စေလိုကြောင်း တိုက်တွန်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက Video Clip ဖြင့် အမှာစကားပြောကြားပြီး ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက အစိုးရ–ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု၊ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော အရှေ့ – အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးနှင့် တိုက်ရိုက်ဆက်သွယ်သည့် ရန်ကုန်–ပုသိမ်လမ်း၊ ပုသိမ် – ငွေဆောင်လမ်း၊ ပုသိမ် – ချောင်းသာလမ်းတို့နှင့်ပတ်သက်၍လည်းကောင်း၊ B.O.T လမ်းများတွင် ကြုံတွေ့ရသည့် အခွင့်အလမ်းများ၊ စိန်ခေါ်မှုများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြကာ တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည် ဖြေကြားခြင်း၊ ဆွေးနွေးခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးများက ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ အစီအစဉ် ပထမပိုင်းအပြီးတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည် ။

မွန်းလွဲပိုင်းတွင် **ခရီးသွားလာမှုလုပ်ငန်းကို အထောက်အကူပြုနိုင်သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့်အခွင့်အလမ်းများဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ**ကို ကျင်းပရာ ကဏ္ဍများအလိုက် ကျွမ်းကျင်သူများနှင့် ပညာရှင်များက အဖွဲ့လိုက် ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးခွန်းမေးမြန်းခြင်းများကို ပြန်လည်ဖြေကြား၍ ဆွေးနွေးသည်။

ယနေ့ ကျင်းပသည့် Forum သည် ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် လျော့နည်းကျဆင်းခဲ့ရသည့် မြန်မာ့ခရီးသွားလုပ်ငန်း ပြန်လည်တိုးတက်ကောင်းမွန်လာစေရန်၊ အခြေခံအဆောက်အအုံဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် B.O.T စနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များ(SDGs)အား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များထားရှိပြီး ဦးစားပေးအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ဆောင်ရွက်နိုင်မည့်အခြေအနေကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် B.O.T လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စံပြမီးသတ်စခန်းရွေးချယ်ရေးအဖွဲ့ တပ်ကုန်းမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းအား လာရောက်စစ်ဆေး

တပ်ကုန်း ဧပြီ ၂

၂၀၂၄ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင် စံပြမီးသတ်စခန်းဆုရွေးချယ်နိုင်ရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ (ဌာနချုပ်)မှ ညွှန်ကြားရေးမှူး ဦးစောထွန်း ဦးဆောင်သည့်အဖွဲ့က ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးမှူးရုံး မီးသတ်တပ်ဖွဲ့စခန်းသို့ မတ် ၃၁ ရက်က လာရောက်စစ်ဆေးခဲ့သည်။



ထို့သို့စစ်ဆေးရာတွင် ညွှန်ကြားရေးမှူး ဦးစောထွန်းက မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ ဝန်ထမ်းများအား ယူနီဖောင်းဝတ်ဆင်မှု စစ်ဆေးခြင်း၊ မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်များအား စစ်ဆေးခြင်း၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ စစ်ဆေးခြင်း၊ ရှာဖွေကယ်ဆယ်ရေး တစ်ကိုယ်ရေသုံးပစ္စည်း ၂၁ မျိုး စစ်ဆေးခြင်း၊ အရာထမ်း၊ အမှုထမ်းအိမ်ရာများ စစ်ဆေးခြင်း၊ တစ်နိုင်တစ်ပိုင်ဘဲ၊ ကြက်မွေးမြူရေး စစ်ဆေးခြင်း၊ မီးဖိုချောင်သုံး စားပင်၊ သီးပင်များ စစ်ဆေးခြင်းနှင့် ကိုယ်လက်လေ့ကျင့်ရေးပစ္စည်းများ စစ်ဆေးခဲ့ပြီး အဆောက်အအုံအတွင်း ပိတ်မိနေသူများအား ကယ်တင်ခြင်း၊ မီးငြိမ်းသတ်ခြင်းအတွက် သရုပ်ပြဇာတ်တိုက် လေ့ကျင့်ခြင်းများ စစ်ဆေးခဲ့ကြသည်။

ထို့နောက် ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်က တပ်ကုန်းမြို့နယ်အတွင်း မီးဘေးအန္တရာယ်လုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ ညွှန်ကြားရေးမှူး ဦးစောထွန်းက တင်ပြမှုများကို ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**

# သထုံခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

သထုံ ဧပြီ ၂

မွန်ပြည်နယ် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သထုံခရိုင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းတို့ကို ပြုလုပ်ခဲ့သည်။



**ရှင်းလင်းဆွေးနွေး**

အသိပညာပေး ဟောပြောရာတွင် သထုံခရိုင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ရဲကျော်က ကလေးသူငယ်၏ အသက်အရွယ်အပိုင်းအခြားနှင့် ကလေးအလုပ်သမား၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ တည်ဆဲဥပဒေအရ ကလေးအလုပ်သမား ခိုင်းစေခြင်းနှင့် ပြစ်မှုပြစ်ဒဏ်များ၊ အလုပ်ရုံအလုပ်ဌာနများအနေဖြင့် ကလေးအလုပ်သမား အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ သိရှိထားရမည့်အချက်များ၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနအနေဖြင့် ကလေးအလုပ်သမား ကင်းစင်ရေး ဆောင်ရွက်နေမှုများ စသည်တို့ကို ရှင်းလင်းဆွေးနွေး ဟောပြောရာ တက်ရောက်လာသူတို့က သိလိုသည်တို့ကို မေးမြန်းခဲ့ကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူတို့က သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ နံရံကပ်စာစောင်များ၊ ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ မြေစိုက်ပြဘုတ်များကို ကြည့်ရှုလေ့လာ မှတ်သားခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
  (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



## ပဲခူးတိုင်းဒေသကြီး၌ နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကျင်းပ

**ပဲခူး ဧပြီ ၂**

ပဲခူးမြို့ တိုင်းဒေသကြီး အားကစားခန်းမ၌ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

**လူတော်လူကောင်းများဖြစ်လာစေရေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နွေရာသီ အခြေခံအားကစားသင်တန်းများ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်အတွက်ရော မြန်မာ့အားကစားလောကအတွက်ပါ အကျိုးထူးများ မလွဲမသွေ ရရှိနိုင်မည်ဖြစ်သည့်အတွက် မိမိတို့၏ ရင်သွေးငယ်များ တန်ဖိုးရှိသော လူတော်လူကောင်းများ ဖြစ်လာစေရေး နွေ၊ မိုး၊ ဆောင်း နှစ်လုံးပေါက် အားကစားသင်တန်းများ တက်ရောက်နိုင်ရေး အားပေးပံ့ပိုးသွားကြရန်နှင့် အားကစားနည်းအလိုက် တိုင်းဒေသကြီးကိုယ်စားပြု လက်ရွေးစင် အားကစားသမားများဖြစ်အောင် ကြိုးစားပြီး နိုင်ငံ့လက်ရွေးစင်များဖြစ်လာသည်အထိ ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နွေရာသီအခြေခံအားကစားသင်တန်းမှ သင်တန်းဆရာများအတွက် ဂုဏ်ပြုငွေနှင့် ဘောလုံး၊ Fitness Dance၊ ကရာတေးဒို၊ စားပွဲတင်တင်းနစ် သင်တန်းသားများအတွက် သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က ဘတ်စကက်ဘော၊ မြန်မာ့သိုင်းနှင့် တင်းနစ်သင်တန်းသားများအတွက် သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က ကြက်တောင်၊ ဘော်လီဘော၊ ပြေးခုန်ပစ် သင်တန်းသားများအတွက် သင်တန်းဆင်း လက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် နွေရာသီ အခြေခံအားကစား သင်တန်းတက်ရောက်ခဲ့ကြသည့် မြန်မာ့သိုင်း၊ ဘောလုံး၊ ကရာတေးဒို၊ ဘတ်စကက်ဘောနှင့် Fitness Dance သင်တန်းသား သင်တန်းသူများက အားကစားနည်းအလိုက် သရုပ်ပြဖျော်ဖြေ တင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သရုပ်ပြအားကစားသမားများအား ဂုဏ်ပြုငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစားသင်တန်းတွင် အားကစားနည်း(၁၀)မျိုး၊ သင်တန်းသား သင်တန်းသူ ၆၅၇ ဦးအား မတ် ၁ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြန်မာအမျိုးသားလေကြောင်းမှ ရန်ကုန်-မန်စီ-ရန်ကုန် Cargo ခရီးစဉ် စတင်ပျံသန်းပြေးဆွဲ

**နေပြည်တော် ဧပြီ ၂**

မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး လေကြောင်းခရီးစဉ်များ (Cargo Flight) ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ စတင်ပျံသန်းပြေးဆွဲလျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီ ၃ ရက်မှစ၍ Boeing 737-800 လေယာဉ်ဖြင့် ရန်ကုန် - မန်စီ - ရန်ကုန် Cargo Flight အား အောက်ဖော်ပြပါ အချိန်ဇယားအတိုင်း တစ်ပတ်လျှင် နှစ်ရက် တိုးချဲ့ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

| Date | From – To | Flight No. | Departure ( Local Time ) | Arrival ( Local Time ) |
|---|---|---|---|---|
| 2 Times Per Week ( Wednesday, Sunday ) | Yangon –Mangshi | UB–8101 | 10:20 | 13:40 |
| | Mangshi –Yangon | UB–8102 | 15:00 | 15:20 |



## သထုံမြို့၌ သောက်သုံးရေအခက်အခဲရှိသည့်ပြည်သူများအား ရေလှူဒါန်း

**သထုံ ဧပြီ ၂**

မွန်ပြည်နယ် သထုံမြို့ပေါ်ရှိ ရေအခက်အခဲဖြစ်ရာ ပြည်သူများအား မြို့နယ်မီးသတ်တပ်ဖွဲ့မှ ယမန်နေ့နံနက်က စတင်ကာ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် သောက်သုံးရေများ လိုက်လံလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဇော်မင်း၏ ဦးဆောင်မှုဖြင့် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ နန်းခဲရပ်ကွက် ကွက်သစ်ပိုင်းရှိ ရေအခက်အခဲဖြစ်သည့် ပြည်သူများအား ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ နေအိမ်အရောက် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။




**လိုက်လံလှူဒါန်း**

သထုံမြို့နယ်တွင် မီးသတ်ဦးစီးဌာနအနေဖြင့် သောက်သုံးရေများကို ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးကျောင်းများ၊ အများပြည်သူသုံး ရေကန်များနှင့် ရေရှားပါးရာနေရာများသို့ နှစ်စဉ် လိုက်လံလှူဒါန်း ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နေပြည်တော်တွင် ဌာနဆိုင်ရာသင်္ကြန်ယိမ်းအဖွဲ့များ၊ သင်္ကြန်အကအလှများ ဇာတ်တိုက်လေ့ကျင့်လျက်ရှိ



**နေပြည်တော် မေ ၂**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ဌာနဆိုင်ရာများအလိုက် သင်္ကြန်ယိမ်းအဖွဲ့များဖြင့် သင်္ကြန်အကအလှများ ဇာတ်တိုက်လေ့ကျင့်နေကြပြီ ဖြစ်သည်။

**ရိုက်ကူး**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကလည်း "ခါသင်္ကြန်အဆိုအက" အစီအစဉ်ကို ယခင်နှစ်များနည်းတူ တင်ဆက်နိုင်ရေး သင်္ကြန်ယိမ်းအဖွဲ့များဖြင့် ရိုက်ကူးရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာနကိုယ်စားပြု သင်္ကြန်ယိမ်းအဖွဲ့များ နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်၍ "ဖိုးညိုမြ" နှင့် "ဖြူနီပြာဝါ" တေးသီချင်းများဖြင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ သင်္ကြန်ယိမ်းအဖွဲ့များက "ရေတွေစိုကုန်ပြီ" တေးသီချင်း၊ ရင်သွေးရတနာမူကြိုကျောင်းမှ မူကြိုကလေးငယ်များက " သင်္ကြန်မိုး "တေးသီချင်းများဖြင့်လည်းကောင်း ရိုက်ကူးခဲ့ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်သို့လည်း ဝင်ရောက် ကြည့်ရှုလေ့လာကြသည်။

ထို့ပြင်သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယိမ်းအဖွဲ့များက ၎င်းတို့၏ဌာနများတွင် သင်္ကြန်တေးသီချင်းဖြင့် အကတိုက် လေ့ကျင့်လျက်ရှိရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သွားရောက်သတင်းရယူ ရိုက်ကူးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေတာရှည်မြို့နယ်၌ ရေပေးဝေမှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ရေတာရှည် မေ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် မိုးစပါး၊ ပဲမျိုးစုံ၊ နွေစပါးများကို သီးထပ်စိုက်ပျိုး၍ တောင်သူများ၏ လူမှုအကျိုးစီးပွားများ အောင်မြင်တိုးတက်ဖြစ်ထွန်းနိုင်သော စီမံချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ နွေစပါးစိုက်ပျိုးရာသီအတွက် ဧက ၁၁၀၀၀ လျာထားခဲ့ပြီး မိုးစပါးအပြီး နွေစပါးစိုက်ပျိုးရန်လျာထားသည့် ၆၄၁၃ ဧကကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ဆွာဆည်တမံမှ ရေစတင်ပေးဝေနိုင်ခဲ့ပြီး သုံးသီးစားသီးနှံစိုက်ပျိုးမည့် ၄၅၈၇ ဧကကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ရေစတင်ပေးဝေခဲ့သည်။

မိုးစပါးအပြီး ပဲသီးနှံစိုက်ပျိုးသည့် တောင်သူများအနေဖြင့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲလက်ကောက် အစရှိသောပဲမျိုးများစိုက်ပျိုးသည့်အခါ နှစ်လခွဲသက်တမ်းမျိုးကို စိုက်ပျိုးရန်ဖြစ်သော်လည်း အချိန်တိုအတွင်း လုံလောက်သော မျိုးများဝယ်ယူ၍မရနိုင်ခြင်း၊ ရရှိနိုင်သည့် သုံးလခွဲမျိုးများကို စိုက်ပျိုးကြရာ နွေစပါးကိုသတ်မှတ်ချိန်အတွင်း မစိုက်ပျိုးနိုင်ခြင်း၊ ယခုရက်ပိုင်း နေ့အပူချိန်မြင့်မားလာသည့်အားလျော်စွာ စိုက်ပျိုးရေ၊ သိုလှောင်ရေလိုအပ်ချက်များရှိနေရာ မြို့နယ်စီမံအုပ်ချုပ်ရေးမှူး ဦးဥက္ကာသန်းနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ယမန်နေ့ မွန်းလွဲပိုင်းတွင် ဆွာတိုးဂိတ်အနီးရှိ ရေပေးလက်တံမြောင်းအမှတ်(၂) DY-2 ၏ လက်ရှိ ရေဝင်ရောက်မှုအခြေအနေ၊ စိုက်ပျိုးရေဖြန့်ဝေမှုတို့ကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး နွေစပါးစိုက်တောင်သူများ၏ ကွင်းအလိုက် ရေလိုအပ်ချက်ကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



❋ ဆောက်သမ်တန်မှ

မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပိုခုနစ်မိနစ်မှာ ဆာမီယန်တိုကတစ်ဂိုးသွင်းယူပေးခဲ့ပြီး ဆောက်သမ်တန်အသင်းအတွက် သွင်းဂိုးတွေကိုတော့ ပွဲကစားချိန် ၁၄ မိနစ်မှာ ချီအက်ဒမ်ကတစ်ဂိုး၊ ၂၃ မိနစ်မှာ အမ်စထရောင်းကတစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အစ်ဆွစ်အသင်းဟာ ဆောက်သမ်တန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ချန်ပီယံရှစ်ပြိုင်ပွဲမှာ တစ်ပွဲပိုကစားထားတဲ့ လက်စတာစီးတီးအသင်းကို နှစ်မှတ်ဖြတ်နဲ့လည်းကောင်း၊ လိဒ်စ်အသင်းကို တစ်မှတ်ဖြတ်ဖြင့်လည်းကောင်း ဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ချန်ပီယံရှစ်ပွဲစဉ်(၄၀) ယှဉ်ပြိုင်ကစားပြီးချိန်မှာ အစ်ဆွစ်အသင်းက ရမှတ် ၈၇ မှတ်၊ လိဒ်စ်ယူနိုက်တက်အသင်းက ၈၆ မှတ်၊ လက်စတာစီးတီးအသင်းက ၈၅ မှတ် အသီးသီးရရှိထားပြီး အစ်ဆွစ်အသင်းကို ရှုံးနိမ့်ခဲ့တဲ့ ဆောက်သမ်တန်အသင်းကလည်း ရမှတ် ၇၄ မှတ်နဲ့ အဆင့်(၄)နေရာမှာ ရပ်တည်နေတာကြောင့် လာမယ့်ဘောလုံးရာသီမှာ ပရီမီယာလိဂ်ကို တန်းတက်ခွင့်ရရှိရေး မျှော်လင့်ထားတာလည်းဖြစ်ပါတယ်။ **ငွေကြယ်**

✰ ကျောဖုံးမှ

ပါတယ်။ လေယာဉ်လက်မှတ်တွေကို ခရီးသွားဝန်ဆောင်မှုလုပ်တဲ့သူတွေက ကြိုတင်ဝယ်ယူထားပြီး ခရီးသည်တွေအတွက် လေယာဉ် အသွား၊ အပြန်၊ ကျွန်းခရီးစဉ်အပြီးအစီး စီစဉ်ဆောင်ရွက်ထားတာမျိုးရှိကြတယ်။ ညောင်ဦးဖီ၊ ခရင်းခွကျွန်းတွေကို ညအိပ်ခရီးစဉ်တွေဆိုရင် လူတစ်ဦးကို ငွေကျပ် ၂၅ သိန်းလောက် ကုန်ကျပေမယ့် လာရောက်လည်ပတ်မယ့်သူတွေကများ နေတာတွေ့ရပါတယ်" ဟု ခရီးသွားလုပ်ငန်းဝန်ဆောင်မှုပေးနေသူ တစ်ဦးကပြောသည်။



ခရီးသွားဝန်ဆောင်မှု ပေးနေသည့်ကုမ္ပဏီများအနေဖြင့် မဟာသင်္ကြန်ကာလ ဝန်ဆောင်မှုအဖြစ် ကျွန်းစုမြို့နယ်အတွင်းရှိ ကျွန်းများကို ရန်ကုန်မှကျွန်းစုသို့ သွားရောက် လည်ပတ်မည်ဆိုပါက နှစ်ညအိပ်ခရီးစဉ် လူတစ်ဦးလျှင် ငွေကျပ် ၁၅ သိန်း (ဟိုတယ်၊ လေယာဉ် အသွား၊ အပြန်လက်မှတ်၊ အစားအသောက်အပြီးအစီးအပါဝင်) ဖြင့် ဝန်ဆောင်မှုပေးထားကြောင်း၊ မြိတ်မြို့မှ တစ်ဆင့် ကျွန်းများသို့သွားမည်ဆိုပါကလူ ၁၀ ဦး သီးသန့်ခရီးစဉ်အဖြစ် ဘောလီကျွန်း၊ ကြယ်လိပ်ကျွန်းတို့သို့ ညအိပ်ခရီးစဉ်အဖြစ် ငွေကျပ် သိန်း ၅၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

"မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းမှာရှိတဲ့ ကျွန်းတွေကို လာရောက်လည်ပတ်ဖို့က ဘိုကင်ယူထားတဲ့သူတွေ အခုထိမရှိသေးဘူး။ မဟာသင်္ကြန်ကာလအတွက် ဘိုကင်ယူထားတဲ့ သူတွေကလည်း ဆယ်ဂဏန်းလောက်ပဲရှိတယ်။ လက်ရှိက လောင်စာဆီဈေးနှုန်းနဲ့ဆိုရင် လူဦးရေ ၁၀ ဦး မပြည့်ရင် စပိဘုတ်စင်းလုံးငှားပဲပို့နိုင်တယ်။ လေးကျွန်းခရီးစဉ်ဆိုရင် ၁၁ သိန်း၊ ဘောလီကြယ်လိပ်ခရီးစဉ်ဆိုရင် ၂၃ သိန်း ရှိနေပါတယ်" ဟု မြိတ်ခရိုင်ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုအတွင်း ခရီးသွားလုပ်ငန်းဝန်ဆောင်မှု ပေးနေသည့် ကုမ္ပဏီပေါင်း ၄၀ ကျော်ရှိခဲ့သော်လည်း အခက်အခဲများနှင့် ရင်ဆိုင်နေရသည့်အတွက် ယခုအခါ ကုမ္ပဏီ ၁၀ ခုပင် မကျန်တော့ကြောင်း လုပ်ငန်းရှင်များက ပြောသည်။

မဟာသင်္ကြန်ခရီးစဉ်နှင့် ဧပြီလ ပထမပတ် ခရီးစဉ်များအတွက် ပြည်တွင်းခရီးသွားများ အနေဖြင့် ကျွန်းစုမြို့နယ် ခရီးစဉ်များထက် ကော့သောင်းမြို့နယ် အတွင်းရှိ ခရီးစဉ်များကို စိတ်ဝင်စားမှု ပိုမိုများပြားနေကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# လပွတ္တာမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**လပွတ္တာ မေ ၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဘိုးပြည့်ကျေးရွာအုပ်စုတွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦး၏ ကြီးကြပ်မှုဖြင့် တိုက်နယ်မှူးများနှင့် ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာအုပ်စုများတွင် အသက် ၁၈ နှစ်နှင့်အထက် ကိုင်ဆောင်လက်မှတ်မရှိသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်းမရှိသည့် စဉ်ဆက်မပြတ်အမြဲနေထိုင်သူများ၊ ကျူးကျော်နေထိုင်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းနေထိုင်သူများအား သက်ဆိုင်ရာမြို့နယ်များနှင့် ချိတ်ဆက်ညှိနှိုင်းပယ်ဖျက်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်း၊ ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မူမူ(ပြန်/ဆက်)**



# အီဂျစ်နိုင်ငံသမ္မတ အယ်လ်စီစီ တတိယအကြိမ်မြောက် သမ္မတသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆို

ကိုင်ရို မေ ၂

အီဂျစ်နိုင်ငံသမ္မတ အယ်လ်စီစီသည် မေ ၂ ရက်တွင် တတိယအကြိမ်မြောက် သမ္မတသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး သမ္မတတာဝန်ကို ၂၀၃၀ ခုနှစ်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း နိုင်ငံပိုင် နိုင်းလ်ရုပ်မြင်သံကြားသတင်းဌာနက သတင်းဖော်ပြခဲ့သည်။

အုပ်ချုပ်ရေးမြို့တော်သစ်ရှိ အီဂျစ်ပါလီမန်၏ ဌာနချုပ်တွင် ကျင်းပသည့် ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားတွင် ရီပတ်ဗလစ်ကန်စနစ်ကို ကာကွယ်ရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေကို လေးစားလိုက်နာရန်၊ ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတော်နှင့် စည်းလုံးညီညွတ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် သန္နိဋ္ဌာန်ချထားကြောင်း သမ္မတ အယ်လ်စီစီက ပြောကြားသည်။

ထို့ပြင် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ပြောကြားသည့် မိန့်ခွန်းတွင် အီဂျစ်ပြည်သူများ၏ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးရေးအတွက် ဆောင်ရွက်သွားမည်ဟုလည်း အီဂျစ်နိုင်ငံသမ္မတ အယ်လ်စီစီက ကတိကဝတ်ပြု ပြောကြားသည်။

မိမိ၏ ထိပ်တန်းဦးစားပေး လုပ်ငန်းများသည် နိုင်ငံတော်၏ လုံခြုံရေးကို အကာအကွယ်ပေးကာ တည်ငြိမ်သော ဒေသပတ်ဝန်းကျင်တွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုးတက်မှုများ ရရှိရန်ဖြစ်ကြောင်း အီဂျစ်နိုင်ငံသမ္မတ အယ်လ်စီစီက ထပ်လောင်းပြောကြားသည်။

အကျပ်အတည်းများ ရင်ဆိုင်ရချိန်တွင် အီဂျစ်နိုင်ငံ၏ စီးပွားရေးအရင်းအမြစ်များကို အမြင့်ဆုံးမြှင့်တင်ရန်အတွက် မဟာဗျူဟာများကို အစိုးရအနေဖြင့် ရေးဆွဲနေကြောင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်အသီးသီးတွင် ပုဂ္ဂလိကကဏ္ဍ၏ ပံ့ပိုးကူညီမှုကို မြှင့်တင်ရန် လုပ်ဆောင်နေကြောင်း အီဂျစ်နိုင်ငံသမ္မတ အယ်လ်စီစီက ပြောကြားသည်။

အီဂျစ်နိုင်ငံသမ္မတ အယ်လ်စီစီသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပခဲ့သည့် အီဂျစ်နိုင်ငံ၏ ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် တရားဝင်မဲအရေအတွက် ၈၉ ဒသမ ၆ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် ပြင်ဆင်ခဲ့သည့် အီဂျစ်နိုင်ငံ၏ ဖွဲ့စည်းပုံဥပဒေအရ အယ်လ်စီစီသည် ၂၀၂၄ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ခြောက်နှစ် သမ္မတသက်တမ်းကို ထမ်းဆောင်ရမည်ဖြစ်ကြောင်းလည်း သိရသည်။



အယ်လ်စီစီသည် ၂၀၁၄ ခုနှစ်တွင် လေးနှစ်ကြာသက်တမ်းရှိ ပထမဆုံး အီဂျစ်သမ္မတအဖြစ် ရွေးကောက်ခံခဲ့ရပြီး ၂၀၁၈ ခုနှစ်တွင် ဒုတိယသမ္မတသက်တမ်းအတွက် ပြန်လည်ရွေးချယ်ခံခဲ့ရသူဖြစ်သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

## အိန္ဒိယနိုင်ငံ၌ ဧပြီလမှ ဇွန်လအတွင်း အပူချိန်မြင့်တက်မည်

နယူးဒေလီ မေ ၂

အိန္ဒိယနိုင်ငံသည် ဧပြီလမှ ဇွန်လအထိ အပူရှိန်ပြင်းထန်စွာ မြင့်တက်နိုင်သည်ဟု မိုးလေဝသဌာနက ပြောကြားသည်။

ဧပြီလမှ ဇွန်လအတွင်း အိန္ဒိယနိုင်ငံ တောင်ပိုင်းကျွန်းဆွယ်၊ အိန္ဒိယနိုင်ငံအလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ အရှေ့ပိုင်းနှင့် အနောက်မြောက် လွင်ပြင်တို့တွင် ပိုမိုပူပြင်းနိုင်သည်ဟု တာဝန်ရှိသူများက မှတ်ချက်ပြုပြောကြားသည်။ ယင်းအပူလှိုင်းဖြတ်ချိန်တွင် အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ ကလေးများနှင့် အားနည်းသူများအတွက် အန္တရာယ် ဖြစ်စေနိုင်သည်ဟု မိုးလေဝသဌာနက ပြောကြားသည်။ ထို့အပြင် ပြင်းထန်သော အပူရှိန်ကြာရှည်စွာခံစားရခြင်းကြောင့် ရေဓာတ်ခန်းခြောက်ခြင်းနှင့် ဓာတ်အားလိုင်းများနှင့် သယ်ယူပို့ဆောင်ရေး စနစ်များကဲ့သို့သော အခြေခံအဆောက်အအုံများကို ထိခိုက်စေနိုင်ကြောင်းလည်း ယင်းမိုးလေဝသဌာနက ထပ်လောင်းပြောကြားသည်။



အပူဒဏ်ကြောင့် ထိခိုက်မှုလျှော့ပါးစေရေးအတွက် တာဝန်ရှိသူများအား တက်ကြွစွာ ဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

ယင်းစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရေးအတွက် တာဝန်ရှိသူများအနေဖြင့် အစီအမံများ ဆောင်ရွက်ရန် လိုအပ်ပြီး အပူဒဏ်ဆိုင်ရာ အကြံပြုချက်ထုတ်ပြန်အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း မိုးလေဝသဌာနက ထပ်လောင်းပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

## ထိုင်းနိုင်ငံ၌ ယခုလအတွင်း အပူချိန်မြင့်တက်နိုင်ဟု သတိပေး

ဗန်ကောက် မေ ၂

ထိုင်းနိုင်ငံ၌ ယခုလအတွင်း အပူချိန် ၄၄ ဒသမ ၅ ဒီဂရီ ဆဲလ်စီးရပ်စ်အထိ မြင့်တက်နိုင်ကြောင်း မိုးလေဝသဌာနတာဝန်ရှိသူများက ပြောကြားသည်။

**မိုးရွာသွန်းမှုများ လျော့နည်းနိုင်**

မေ ၁ ရက်မှစတင်၍ နိုင်ငံအရှေ့မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ပူပြင်းသည့်ရာသီဥတု ဖြစ်ပေါ်နိုင်ပြီး မိုးရွာသွန်းမှုများ လျော့နည်းနိုင်ကြောင်း သိရသည်။

ယင်းဒေသနှစ်ခု၏ အပူချိန်သည် လက်ရှိကာလအတွင်း ၄၃ ဒီဂရီဆဲလ်စီးရပ်စ်အထိ ရောက်ရှိနေသည်။ သို့ရာတွင် မေ ၈ ရက်မှ ၁၀ ရက်အတွင်းကာလတွင်မူ အိမ်နီးချင်းနိုင်ငံများမှ အေးမြသည့် ရာသီဥတု၏ အကျိုးဆက်များအဖြစ် ထိုင်းနိုင်ငံတွင် မိုးသီးကြွေခြင်းများဖြစ်နိုင်သည်ဟု ခန့်မှန်းထားသည်။

ထိုင်းနိုင်ငံတွင် မကြာသေးမီကာလကလည်း မိုးသည်းထန်စွာ ရွာသွန်းမှုများမှတစ်ဆင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

ကိုးကား-ဗီအင်န်အိပ်စ်ပရက်စ်
ဘာသာပြန်-စိုးသူရ

## ၂၀၂၄ ခုနှစ် ပထမသုံးလအတွင်း ထိုင်းနိုင်ငံသို့ နိုင်ငံခြားသားခရီးသွား ၉ ဒသမ ၃၇ သန်းကျော် ဝင်ရောက်

ဗန်ကောက် မေ ၂

၂၀၂၄ ခုနှစ် ပထမသုံးလတာကာလအတွင်း ထိုင်းနိုင်ငံသို့ နိုင်ငံခြားသားခရီးသွား ၉ ဒသမ ၃၇ သန်းကျော် ဝင်ရောက်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် ပထမသုံးလပတ်ကာလနှင့် နှိုင်းယှဉ်ပါက ၄၄ ရာခိုင်နှုန်းအထိ တိုးမြှင့်ရောက်ရှိလာခဲ့ကြောင်းနှင့် ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံခြားသားခရီးသွား ၃၅ သန်းအထိ ရောက်ရှိရန် မျှော်လင့်ထားကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ထိုင်းနိုင်ငံသို့ တရုတ်နိုင်ငံမှ လာရောက်သည့် နိုင်ငံခြားသားခရီးသွား ၁ ဒသမ ၇၅ သန်းရှိခဲ့ပြီး တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသွားအရေအတွက် အများဆုံးနိုင်ငံဖြစ်ကြောင်းလည်း သိရသည်။ တရုတ်နိုင်ငံပြီးလျှင် ထိုင်းနိုင်ငံသို့ မလေးရှားနိုင်ငံမှ ခရီးသွား ၁ ဒသမ ၁၆ သန်း၊ ရုရှားနိုင်ငံမှ ၆၂၂၈၀၃ ဦး အသီးသီးရှိခဲ့ကြောင်း ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါမတိုင်မီ ၂၀၁၉ ခုနှစ်အတွင်းက ထိုင်းနိုင်ငံသို့ တရုတ်နိုင်ငံသားခရီးသွား သန်း ၄၀ နီးပါး ဝင်ရောက်ခဲ့ကြောင်းလည်း သိရသည်။ ခရီးသွားလုပ်ငန်းသည် ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွင်း ခရီးသွားလုပ်ငန်းမှ ဘတ် ၃ ဒသမ ၅ ထရီလီယံ(အမေရိကန်ဒေါ်လာ ၉၅ ဒသမ ၄၅ ဘီလီယံခန့်)ရရှိရန် မျှော်လင့်လျက်ရှိကြောင်းလည်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

## ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေး၏ လေကြောင်း တိုက်ခိုက်မှုအတွင်း အကူအညီပေးရေး လုပ်သား ခုနစ်ဦးသေဆုံး

ဂျေရုဆလင် မေ ၂

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုအတွင်း အကူအညီပေးရေး လုပ်သား ခုနစ်ဦး သေဆုံးခဲ့ကြောင်း နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းတစ်ခုက ယမန်နေ့တွင် အတည်ပြုပြောကြားသည်။

World Central Kitchen အဖွဲ့က ၎င်း၏ အကူအညီပေးရေးလုပ်သားများသည် ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အစားအသောက်အကူအညီများ ပေးပို့ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း ပြောကြားသည်။ သေဆုံးသူများတွင် ယင်းအဖွဲ့မှ ဩစတြေးလျ၊ ပိုလန်နှင့် ဗြိတိန်နိုင်ငံသားလုပ်သားများနှင့် ၎င်းတို့၏ ပါလက်စတိုင်းယာဉ်မောင်းတို့ ပါဝင်သည်။ ကယ်ဆယ်ရေးလုပ်သားများသည် အစ္စရေးတပ်ဖွဲ့က ပစ်လွှတ်သည့် ဒုံးကျည်ထိမှန်ခဲ့ကြောင်း သိရသည်။



အေပီသတင်းဌာနက ဖော်ပြထားသည့် ဓာတ်ပုံများတွင် ဂါဇာအလယ်ပိုင်းရှိ Deir al-Balah မြို့ရှိ ဆေးရုံတွင်း၌ ယင်းပရဟိတအဖွဲ့၏ တံဆိပ်ပါရှိသည့် ဝတ်စုံများ ဝတ်ဆင်ထားသည့်ရုပ်အလောင်းများကို ပြသထားသည်။ ထို့ပြင် ၎င်းဖြစ်စဉ်အတွင်း သေဆုံးခဲ့သည့်လုပ်သားများ၏ နိုင်ငံကူးလက်မှတ်များကိုလည်း တွေ့မြင်ရသည်။ ယင်းပရဟိတအဖွဲ့က လူမှုကွန်ရက်ပေါ်တွင် "ဒီဖြစ်ရပ်ဟာ ကြေကွဲစရာပါပဲ။ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး လုပ်သားတွေနဲ့ အရပ်သားတွေဟာ ဘယ်တော့မှ ပစ်မှတ်မဖြစ်သင့်ပါဘူး"ဟု မှတ်ချက်ပြုရေးသားခဲ့သည်။

အစ္စရေးတပ်ဖွဲ့ကလည်း ယခုဖြစ်ရပ်အတွက် ပြန်လည်သုံးသပ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-စိုးသူရ

# တရားမဝင် စက်သုံးဆီများ၊ ကျောက်စိမ်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့်ယာဉ်များ သိမ်းဆည်းရမိ



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှုမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် မေ ၂

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရေဝတီတံတားစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ မင်းလှမြို့နယ် အောက်ကိုင်းကျေးရွာ၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ဂါလန် ၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀)၊ အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)နှင့် မင်းတုန်းမြို့နယ် ညောင်ကြပ်ကျေးရွာအနီး၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၂၁ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၄၀၀) နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Luojia 110 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀)တို့ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၃၃၆၈၉၄၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မန္တလေးမှ နောင်ချိုသို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသည့် ကျောက်လက်ကောက်ကွင်း (အချော)ဆိုဒ်စုံ ကီလိုဂရမ် ၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Crown တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ စစ်ကိုင်းတံတား နှာပေါက်အနီး၌ ဆီသယ်ယာဉ်နှစ်စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ (92 Ron) ၁၅၃၉၈ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၁၅၀၀၀၀)နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီး၊ Chenglong Tractor Head တစ်စီးနှင့် ဆီသယ်နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၁၁၅၀၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော တရုတ်နိုင်ငံထုတ် စားသောက်ကုန်များ ဖြစ်သည့် ကြက်သားတုံး ၃၂၈၈ ထုပ်၊ ANJOY တံဆိပ်ပါ အသားလုံး ၇၂၈ ထုပ် အပါအဝင် စားသောက်ကုန်ပစ္စည်း ၁၈ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၇၉၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁ ရက်နှင့် ၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၆၃၅၄၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# မိုင်းဆတ်နှင့် နမ့်စန်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၃၀ ရက် ည ၉ နာရီ ၁၅ မိနစ်တွင် မိုင်းဆတ်မြို့နယ် မယ်ဆွမ်တောင်ကျေးရွာအုပ်စု ဝိန်းလိတ်ကျေးရွာအနီးတွင် အဲဘို မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ကျအူ မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁ ကီလိုကိုလည်းကောင်း၊ မတ် ၃၁ ရက်တွင် နမ့်စန်မြို့နယ် နမ့်မော်ခါက်ဆင့်ကျေးရွာအနီးတွင် စံမြင့်ဦး မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၄ ဒသမ ၄ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



စံမြင့်ဦးအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ



နေပြည်တော် မေ ၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မတ် ၂၅ ရက်မှ ၃၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တော ဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၂၀ ဒသမ ၀၆၃၆ တန်၊ သစ်မာ ၁၀ ဒသမ ၉၁၅၈ တန်၊ အခြား ၅၁ ဒသမ ၁၃၈၈ တန် စုစုပေါင်း ၈၂ ဒသမ ၁၁၈၂ တန်၊ ယာဉ်/ ယန္တရား ခုနစ်စီး၊ ပြစ်မှုကျူးလွန်သူရှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၅-၂၀၂၄ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (မောရသုတ်၊ ဝဋ္ဋသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ ခုနှစ်၊ မတ်လ) (ဒုတိယပိုင်း)
**၀၉:၁၅** မြန်မာ့စိုက်ပျိုးရေးနှင့် စက်မှုလယ်ယာကဏ္ဍ
**၀၉:၃၀** ဒါသကြိန် အဆို၊ အကများ
**၁၁:၁၅** ကမ္ဘာတစ်လွှား အနုပညာသတင်းများ
**၁၁:၃၅** ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
**၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၂၆)
**၁၃:၀၅** သီချင်းကြီးပဒေသာ
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၇)
**၁၅:၃၀** Weekly Soccer Preview
**၁၆:၃၅** မျိုးဝုဏ်တင့်စေဆိုကရေးတီးအဖွဲ့
**၁၇:၀၅** ရှေ့သို့ချီမည့်ပန်းတိုင်ဆီ 'မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး' (အပိုင်း-၂)
**၁၇:၂၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ ခုနှစ်၊ မတ်လ) (တတိယပိုင်း)
**၁၈:၃၅** ရယ်ရွှင်ပျော် (ဟာသတစ်ခန်းရုပ်ပြဇာတ်) 'ယောက္ခမနှင့်ဘောက်ကျ'
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၂၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ဒါသကြိန် အဆို၊ အကများ
**၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၁၇)

**mitv**

**07:01** Evergreen Classic: Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu Wah, Nyo Win Pe)
**07:11** Orchid Lover
**07:21** Listening Pleasure, Instrumental Music (Xylophone) Tain Taman
**07:33** Discovering Tribes: Enn (Their Life and Customs)
**08:01** News
**08:26** Tour Around in Myeik Archipelago (Epi-2) Done Waterfall and Thayawthadangyi Island
**08:43** Thingyan Songs & Dances
**09:01** Innovative Handiworks Based On The Art Of Line Drawing
**09:19** Hsig Khaung Village In Hsihseng
**09:31** The Lives of Stone Slab and Mortar Makers
**09:49** Compelling Benefits of Radiation Technology
**10:33** ASEAN - We are One

**MRTV NRC**

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)** နှစ်ပေါင်းရှည်ကြာတည်မြဲပါတဲ့ အိုးလက်ရာ
**ဝ (၀၈:၀၀ မှ ၁၀:၀၀)** ကြက်သွန်ဖြူနှင့် ကျန်းမာရေး
**ကချင် (၁၀:၀၀ မှ ၁၂:၀၀)** အဝိမြန်မာပြည်မြောက်ဖျားစွန်းဘက်က ရေခဲတောင်ရှိရာဆီ
**ကယား (၁၂:၀၀ မှ ၁၄:၀၀)** စိတ်ဝင်စားစရာကောင်းတဲ့ ထူးခြားချက်များ (ကယားတိုင်းရင်းသားများရဲ့နာမည်မှည့်ခေါ်ခြင်း)
**စကောကရင် (၁၄:၀၀ မှ ၁၅:၀၀)** အိမ်တွင်းဆပ်ပြာလုပ်နည်းအဆင့်ဆင့်
**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)** ကရင်စာပေစကားပြောကြရအောင် (အပိုင်း-၁၀)
**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)** အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ကရင်အိမ်သို့ အလည်တစ်ခေါက်
**ချင်း (လိုင်ဇို) (၁၇:၀၀ မှ ၁၈:၀၀)** ချင်းရိုးရာအမဲအူပြောင်းဖူးပြုတ်ချက်နည်း
**ချင်း (ချို) (၁၈:၀၀ မှ ၁၉:၀၀)** ချင်းရိုးရာဆေးအိုးဆေးတံအကြောင်း
**မွန် (၁၉:၀၀ မှ ၂၁:၀၀)** ရှေးဟောင်းမွန်ရိုးရာ တူရိယာ
**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)** အရိုးချေလက်ရာ (ယောက်သွားသုပ်နှင့် ခရမ်းသီးမြေအိုးကပ်ချက်)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** အဖိုးအငွေ့တွေကြားမိန်းမောမနေကြဖို့
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၂:၄၅** ကမ္ဘာတစ်လွှား အနုပညာသတင်းများ
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၄၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ ခုနှစ်၊ မတ်လ) (အပိုင်း-၃)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ထိုင်းနိုင်ငံ'
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အတုမှန်းသိလျက် လက်ရှိထားမှု'
**၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဗီယက်နမ်နိုင်ငံ'
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဆွစ်ဇာလန်နိုင်ငံ'
**၁၁:၃၀** ရှေ့သို့ချီမည့်ပန်းတိုင်ဆီ (အပိုင်း-၉)

**MRTV FARMERS' / HTV Channel**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၁၀** ဝင်ငွေသေချာရွှေနေကြာ
**၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
**၁၈:၀၀** The Batman 2022 (Epi-1) (နိုင်ငံခြားဇာတ်လမ်း)
**၂၂:၀၀** The Batman 2022 (Epi-2) (နိုင်ငံခြားဇာတ်လမ်း)
**၂၃:၄၅** Family Farmers - the Future of Asia and the Pacific (APRC)

**MRTV SPORTS / HTV Sports**

**၀၆:၀၀** အဖွင့်
**၀၆:၂၀** လူငယ်တို့အတွက် လမ်းပြကြယ်
**၀၆:၄၅** Sports Max
**၁၆:၃၀** MNL 2022 Match (Replay)
**၁၈:၀၀** အားကစားသတင်း
**၁၉:၄၀** Weekly MNL Review

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

## အသိပေးသတင်းထုတ်ပြန်ခဲ့

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မေ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Smile Smile" Facebook အကောင့်နှင့် "ရတနာလေး ရတနာလေး" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်နေ ရတနာမွေးအား နံနက် ၈ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Aung Zin Htun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် (၄) မိုင်ကံသာကျေးရွာနေ အောင်စိန်ထွန်းအား ညနေ ၅ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ဒိုက်ဦးမြို့နယ်၌ အခြေခံစာတတ်မြောက်ရေး ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်

ဒိုက်ဦး မေ ၂

ပဲခူးတိုင်းဒေသကြီး(အရှေ့) ညောင်လေးပင်ခရိုင် ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် စာသင်ကြားပေးမည့် ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို မေ ၁ ရက်က အထက(၁) (ဒိုက်ဦး) အောင်ရတနာခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး(အရှေ့) ညောင်လေးပင်ခရိုင် ခရိုင်အဆင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ သင်တန်းသားနည်းပြများအတွက် အခြေခံမြန်မာစာ၊ အခြေခံသင်္ချာ သင်ပြနည်းလမ်းညွှန်စာအုပ်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပေးအပ်၍ ခရိုင်ပညာရေးမှူး ဦးညွန့်ဝေက လက်ခံရယူပြီး သင်တန်းသားနည်းပြများအတွက် ဗလာစာအုပ်များကို မြို့နယ်အဆင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးက ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်နော်ခရီစဲလ်ဒါက လက်ခံရယူသည်။

ကျော်ကျော်(ပြန်/ဆက်)

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများလွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**

**ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်**

## လိုက်နာဆောင်ရွက်ရန်အချက်များ

- ✪ အရိပ်ရ၍ အေးမြသောနေရာများတွင်သာ နေပါ၊
- ✪ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- ✪ နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ✪ ရေများများသောက်ပါ။

## ရှောင်ကြဉ်ရန်အချက်များ

- ❖ နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- ❖ ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- ❖ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ❖ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
- ❖ အရက်သေစာသောက်စားခြင်းကို ရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

- ❖ သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- ❖ နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ❖ ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- ❖ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ



# အဖိုးတန် နွေကျောင်းပိတ်ရက်ရှည်

ဆုလာဘ်ထွန်း

**နွေရာသီကာလဖြစ်သည့်အတွက် ပူပြင်းခြောက်သွေ့သော ပတ်ဝန်းကျင်ဖြစ်ပေါ်နေမှုတို့ သည် ကလေးအရွယ်နှင့် နုနယ်သေးသော လူငယ်များအတွက် နေထိုင်လှုပ်ရှားကြရာတွင် ပင်ပန်းမှုဖြစ်စေသောကြောင့် ဘဝအတွက် အဓိကအထောက်အကူပြုသော ကျောင်းသင်ခန်းစာသင်ကြားမှု သင်ယူမှုများကို ဆောင်ရွက်ရန် အခက်အခဲရှိပါသည်။ ထို့ကြောင့် မြန်မာ့ပညာရေးလောကတွင် နှစ်စဉ် ဇွန်လမှ ဖေဖော်ဝါရီလလယ်ခန့်အထိ သင်ကြားနာယူခဲ့သော ကျောင်းပညာရေးကို အတန်းတင်စာမေးပွဲကြီးပြီးကတည်းက ခေတ္တရပ်နားရလေ့ရှိသည်မှာ မြန်မာနိုင်ငံ၏ လူနေမှုစနစ်နှင့်အညီ ကြာမြင့်လှပြီဖြစ်ပါသည်။**



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ နွေရာသီကျောင်းပိတ်ရက်တွင် ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်စဉ်။

### နောင်စာသင်နှစ်အတွက် စတင်သင်ယူ

နွေရာသီကျောင်းပိတ်ရက်အတွင်းကျောင်းသား ကျောင်းသူများ၏စိတ်အားထက်သန်မှုနှင့်မိဘများ၏ တိုက်တွန်းအားပေးမှုတို့ကြောင့် အချို့ကျောင်းသားကျောင်းသူများအနက် မိမိကိုယ်တိုင်ဖြေဆိုခဲ့ပြီးသောကျောင်းစာမေးပွဲကိုသေချာပေါက်အောင်မြင်နိုင်မည်ဟုယုံကြည်စိတ်ချသူများအနေဖြင့် တစ်ဆင့်မြင့်သော နောင်စာသင်နှစ်အတွက် သင်ခန်းစာများကိုစာမေးပွဲကြီးဖြေဆိုပြီးကတည်းက စတင်သင်ယူ ကျက်မှတ်နေကြပြီဖြစ်သည်။ ကျောင်းပညာရေးထူးချွန်စေရန်အတွက်ကျောင်းသားရောမိဘများပါတွန်းတွန်းတိုက်တိုက်ကြိုးစားကြသည်ကို ကြိုဆိုဖွယ်ရာဖြစ်ပါသည်။

ပူပြင်းသောရာသီဥတုဒဏ်ကိုအတော်အတန်ခံနိုင်ရည်ရှိပြီဖြစ်သော အသက် ၁၄ နှစ်၊ ၁၅ နှစ်၊ ၁၆ နှစ် ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ယူရမည့် အဆင့်ဂရိတ်မြင့်လာသည့်အတွက် ကြိုတင်ပြင်ဆင်သင်ယူသည်မှာလက်ခံနိုင်ဖွယ်ရာရှိပါသည်။သင်ယူလိုစိတ်နှင့်အပင်ပန်းခံနိုင်မှုတို့ဖြင့် ရာသီဥတုကို ခံနိုင်ရည်ရှိသော သင့်တင့်မျှတသည့် နေရာထိုင်ခင်းတွင်သင်ယူကြရပါကသင်ယူမှုတွင် ကိုယ်စိတ်ပင်ပန်းမှုအနည်းဆုံးဖြင့် ကလေးများအာရုံစူးစိုက်နိုင်မည်ဖြစ်ပါသည်။ သို့မှသာ ကုန်ဆုံးသွားသောအားအင်များနှင့် လျော်ညီစွာ သင်ယူရသည်မှာ ထိုက်တန်သည်ဟု ဆိုနိုင်ပါသည်။

သူငယ်တန်းမှ သတ္တမတန်း (Grade-7) အထိ ကျောင်းသားကျောင်းသူများအတွက်မှာမူနွေရာသီကာလအတွင်း တစ်ဆင့်မြင့်အတန်းအတွက် ကြိုတင်သင်ယူမှုလုပ်ဆောင်ရန် ကျောင်းသားကျောင်းသူများကိုယ်တိုင်နှင့် မိဘဆရာများက တွန်းအားပေးခြင်းနှင့် အားစိုက်လုပ်ဆောင်ခြင်း မပြုလုပ်သင့်လှပါ။သူတို့ကိုယ်တိုင်အပင်ပန်းခံနိုင်သည့်တိုင် မိဘများအနေဖြင့် ယခုကဲ့သို့ ပူပြင်းလှသောရာသီဥတုတွင် အာရုံစူးစိုက်ပညာသင်ကြရန်ကိစ္စအတွက်ကို သေချာစွာ စဉ်းစားသင့်ကြပါသည်။ အထူးသဖြင့်မြန်မာနိုင်ငံ၏ရာသီဥတုသည် အအေးပိုင်းနိုင်ငံများ၏ ရာသီဥတုနှင့် မတူညီသည့်အပြင် လူတစ်ဦးတစ်ယောက်စီ၏ခံနိုင်ရည်အားသည်လည်း မတူကြပါ။ပညာရေးစနစ်ကိုပင်အနောက်တိုင်း၏ ပညာရေးစနစ်အတိုင်းပုံတူကူးချပြီးကျင့်သုံး၍မရပါ။ထို့ကြောင့်ကလေးငယ်များပညာသင်ကြားရေးတွင်နွေရာသီကျောင်းပိတ်ရက်ကာလရှည်အတွင်း မည်သို့ဆောင်ရွက်ကြမည်ကို မိဘများအနေဖြင့် စဉ်းစားသင့်ကြသည်။ မိဘ၏ တွန်းအားနှင့် စိတ်ဆန္ဒအတိုင်း ဆောင်ရွက်ရန် မိမိတို့၏ သားသမီးများ ခံနိုင်ရည်ရှိ၊ မရှိကို သုံးသပ်ကြသင့်သည်။

သို့သော်လည်း နွေရာသီကျောင်းပိတ်ရက်ရှည်ကို အလဟဿ ကုန်ဆုံးရမည်တော့ မဟုတ်ပေ။ နွေရာသီကာလအတွင်း ကလေးငယ်များ လှုပ်ရှားသွားလာသမျှသည် သူတို့ကြီးပြင်းလာသော တစ်ချိန်တွင် ပြန်လည်အကျိုးပြုအသုံးတည့်နိုင်သည့်အတွက် တန်ဖိုးရှိလှသောအချိန်ကို မသင့်လျော်သည့် လုပ်ဆောင်မှုများတွင် ကုန်ဆုံးခြင်းမဖြစ်စေရန်သာ မိဘများက ထိန်းသိမ်းပေးရန်လိုပါသည်။ ကလေးငယ်များကို ကလေးနှင့် သင့်တော်သလောက်၊ လူငယ်များကို လူငယ်များနှင့်သင့်တော်သလောက် အကြံပေးလမ်းညွှန်ခြင်းဖြင့် ကူညီနိုင်ကြပါသည်။ တစ်နည်းအားဖြင့် နွေရာသီတွင် လုပ်ဆောင်မှုမှန်သမျှတို့သည် ကလေးများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရဘဲ အကျိုးလည်းရှိ ပျော်ပျော်ပါးပါးလည်းဖြစ်လျက် ဖြတ်ကျော်နိုင်ရန် စီစဉ်လမ်းကြောင်းပေးကြရမည် ဖြစ်ပါသည်။

### ကျောင်းစာပြင်ပ သင်ယူလေ့ကျင့်ရန်အတွက် လမ်းကြောင်းများ

နွေရာသီတွင် ကျောင်းစာပြင်ပ သင်ယူလေ့ကျင့်ရန်အတွက် ရွေးချယ်ရန် လမ်းကြောင်းများစွာရှိပါသည်။ လူငယ်များအနေဖြင့် ကြက်ခြေနီသင်တန်း၊ ကွန်ပျူတာသင်တန်း၊ ဘာသာစကားသင်တန်း၊ အားကစားသင်တန်း၊ လက်မှုပညာသင်တန်း၊ ယဉ်ကျေးလိမ္မာသင်တန်း၊ ယဉ်ကျေးမှုသင်တန်း၊ အနုပညာသင်တန်း၊ အိမ်တွင်းမှုသင်တန်း၊ စက်မှုလက်မှုသင်တန်း စသည်တို့ဖြင့် သင့်လျော်သော အတတ်ပညာလည်းရ အချိန်ကိုလည်း အကျိုးရှိရှိ အသုံးချနည်းဖြင့် နွေရာသီကို ဖြတ်ကျော်ရပါမည်။ မည်သည့်သင်တန်းမျှ မတက်စေကာမူ ကလေး၊ လူငယ်များအနေဖြင့် နှစ်သက်ရာ ကာတွန်း၊ စာစောင်များ၊ တစ်ဆင့်မြင့်သော သင့်လျော်သည့် စာအုပ်စာပေများကို ဖတ်ရှုပြီး အချိန်ကို ကုန်ဆုံးစေသင့်ပါသည်။

**“ နွေရာသီတွင် ကျောင်းစာပြင်ပ သင်ယူလေ့ကျင့်ရန်အတွက် ရွေးချယ်ရန် လမ်းကြောင်းများစွာရှိပါသည်။ လူငယ်များအနေဖြင့် ကြက်ခြေနီသင်တန်း၊ ကွန်ပျူတာသင်တန်း၊ ဘာသာစကားသင်တန်း၊ အားကစားသင်တန်း၊ လက်မှုပညာသင်တန်း၊ ယဉ်ကျေးလိမ္မာသင်တန်း၊ ယဉ်ကျေးမှုသင်တန်း၊ အနုပညာသင်တန်း၊ အိမ်တွင်းမှုသင်တန်း၊ စက်မှုလက်မှုသင်တန်း စသည်တို့ဖြင့် သင့်လျော်သော အတတ်ပညာလည်းရ အချိန်ကိုလည်း အကျိုးရှိရှိ အသုံးချနည်းဖြင့် နွေရာသီကို ဖြတ်ကျော်ရပါမည်။ မည်သည့်သင်တန်းမျှ မတက်စေကာမူ ကလေး၊ လူငယ်များ အနေဖြင့် နှစ်သက်ရာ ကာတွန်း၊ စာစောင်များ၊ တစ်ဆင့်မြင့်သော သင့်လျော်သည့် စာအုပ်စာပေများကိုဖတ်ရှုပြီး အချိန်ကိုကုန်ဆုံးစေ ”**

ယေဘုယျအနေဖြင့် နွေရာသီတွင် တက်ရောက်ပါဝင်သော သင်တန်းများနှင့် လှုပ်ရှားမှုများသည် လူငယ်ဘဝများ၏ အစိတ်အပိုင်းဖြစ်သော်လည်း မိမိဘဝ အောင်မြင်မှုများကို ပြန်ပြောင်းရေတွက်ရာတွင် ကြီးမားသော မှတ်တိုင်များဖြစ်စေရေးအတွက် ဦးတည်ချက်ထားကာ ပင်ပန်းကြီးစွာ အားထုတ်ကြိုးပမ်းရန်အထိ မလိုအပ်ပါချေ။ မိမိတို့ဘဝ လည်ပြန်ဆန်းစစ်သောအခါတွင် နှစ်သိမ့်ကြည်မောဘဝမှတ်တိုင်သဘောမျှသာလျှင် ဖြစ်သင့်ပါသည်။ ယေဘုယျအနေဖြင့် မိမိတို့ငယ်စဉ်က ပါဝင်ပြုလုပ်ခဲ့သည့် လှုပ်ရှားမှုကလေးများအဖြစ်သာ သဘောထားပြီး ဘဝ၏ ပျော်ရွှင်ပေါ့ပါးသော ရက်စွဲမှတ်တမ်းများဖြစ်စေရန် သဘောထားသင့်သည်။ နောင်ကာလတွင် မိမိတို့၏ သုံးစွဲရတော့မည့်ခွန်အားများကို ပေါ့ပါးသောလှုပ်ရှားမှုကလေးများတွင် မကုန်ဆုံးကြစေသင့်ပါ။

သို့မဟုတ်ပါကလည်း မိမိတို့၏ ပြင်းပြသောဆန္ဒနှင့် အားထုတ်မှုတို့ကို သိရှိကျေနပ်ပြီး ထိုထိုသော လှုပ်ရှားမှုကလေးများမှတစ်ဆင့် ဘဝအတွက် အမှန်တကယ်ချိုးကွေ့မည့် အလှည့်အပြောင်းအဖြစ်ယူဆဆောင်ရွက်လိုလျှင်မူ မိမိတွင်ရှိသော စိတ်ဆန္ဒ၊ အားအင်၊ ဝီရိယတို့ကို အစွမ်းကုန်အသုံးချ ပုံအောလိုက်ကြရန်သာရှိပါသည်။ ဥပမာ နွေရာသီ အားကစားသင်တန်းတက်ရောက်ရင်း မိမိ၏ အစွမ်းအစများနှင့် ဆရာသမားများ၏ အကဲဖြတ်မှုကြောင့် တောက်ပသော အနာဂတ်ရှိသည့် လူငယ်များအနေဖြင့် မိမိဘဝအတွက် ရွေးချယ်ရမည့် အကောင်းဆုံးလမ်းကြောင်းကို စောစီးစွာသိရှိနိုင်ပြီး ရွေးချယ်ကာ ဆက်လက်လျှောက်လှမ်းနိုင်ကြပါမည်။ ထိုနည်းတူ ဘာသာစကားဆိုင်ရာသင်တန်းများ၊ စက်မှုလက်မှုဆိုင်ရာသင်တန်း (ဥပမာ ကားစက်ပြင်သင်တန်း)၊ နည်းပညာ (ဥပမာ ကွန်ပျူတာသင်တန်း) သင်တန်းများ၊ အချုပ်အလုပ်သင်တန်းများ စသည်ဖြင့် သင်တန်းတက်ရောက်ရင်း မိမိတို့၏ စွမ်းရည်နှင့် ဗီဇကို စောစီးစွာအကဲဖြတ်သိလာနိုင်ပါက အကောင်းဆုံး ရွေးချယ်လျှောက်လှမ်းနိုင်ကြပါသည်။

စင်စစ် လူငယ်ဘဝသည် တိုတောင်းလှပါသည်။ တိုတောင်းလှသောကာလအတွင်း လူငယ်များ မိမိတို့ နှစ်သက်သည်များကို ပျော်ပျော်ရွှင်ရွှင် ထိတွေ့လုပ်ဆောင်နိုင်ကြခွင့်ရှိသင့်ပါသည်။ လူငယ်ဘဝနှောင်းပိုင်းဖြစ်သော အသက် ၁၅ နှစ်၊ ၁၆ နှစ်ကာလများတွင်ပင် စိတ်လက်ပေါ့ပါးပျော်ရွှင်စွာ ဖြတ်သန်းကြရမည့် အခွင့်အရေးများ အလွန်နည်းသွားပြီဖြစ်ပါသည်။ ကျောင်းပညာအတန်းများက မြင့်မားလာကြပြီး ဖိစီးမှုများတိုးလာပါပြီ။ အသက်နှင့်အပြိုင် မိသားစုအရေး၊ ပတ်ဝန်းကျင်အရေးများကို နားလည်သိတတ်မှုများ တိုးလာပြီဖြစ်သောကြောင့် သောကများနှင့် စိတ်ဖိစီးမှုများ အထိုက်အလျောက်ရှိလာပြီဖြစ်သည့်အတွက် အပူအပင်ကင်းသော ကလေးဘဝထက် ပင်ပန်းမှုများရှိလာကြကာ လောက၏ ပျော်ရွှင်မှုများကို တင်းပြည့်ကျပ်ပြည့် မခံစားနိုင်တော့ပါ။ ထို့ကြောင့် မိမိတို့အတွက် ရသည့်အချိန်ကလေးတွင် ပျော်ရွှင်စွာ ဖြတ်သန်းသွားနိုင်ရန် စဉ်းစားသင့်ကြပါသည်။

### အဖိုးမဖြတ်နိုင်အောင် ကျေးဇူးရှိ

စင်စစ် ကျောင်းပညာရေးဆိုသည်မှာ ပစ်ပယ်၍မရနိုင်ပါ။ ဘဝတစ်လျှောက်လုံး မိမိဘာသာရပ်တည် လေ့လာထိုးထွင်းသင်ယူကြရမည်ဖြစ်သော်လည်း ကျောင်းပညာရေးကိုစတင်သင်ယူမှသာ အခြေခံနည်းစနစ် အင်အားရရှိပြီး ဆက်လက်လေ့လာနိုင်စွမ်းရရှိမည်ဖြစ်ပါသည်။ အခြေခံပညာကဏ္ဍမှ ဆရာ ဆရာမများ၏ ဆုံးမလမ်းညွှန်သင်ကြားပေးမှုများသည် နောင်အခါ မိမိကိုယ်ကိုအားကိုးပြီး လေ့လာမှတ်သား သင်ယူရသည့်ကာလသို့ ရောက်ကြသောအခါ အဖိုးမဖြတ်နိုင်အောင် ကျေးဇူးရှိလှပါသည်။

စာမျက်နှာ ၁၇ သို့ ❑

❑ စာမျက်နှာ ၁၆ မှ
ထို့ကြောင့် ကျောင်းပညာရေးကို ဦးတည်ကြိုးစားနေရသည့်ကာလဖြစ်သော ကျောင်းသား ကျောင်းသူများဘဝတွင် မိမိ၏ဦးတည်ချက်မပျောက်ပျက်စေရန် အဓိကနှင့် သာမည လမ်းကြောင်းများကို ခွဲခြားသိမြင်နိုင်စွမ်းရှိကြရမည်ဖြစ်သည်။ လိုအပ်ပါက မိမိထက် အသိပညာပြည့်စုံသူများထံမှ အကူအညီတောင်းခံပြီး ဆွေးနွေးမေးမြန်းသင့်လှသည်။ သို့မှသာ မိမိဘဝလမ်းကြောင်းသည် မယိမ်းမယိုင် တည့်မတ်နေမည်ဖြစ်သည်။

ကျောင်းစာပြင်ပ ဆောင်ရွက်မှုများကို လုံးဝပစ်ပယ်ရမည်ဟုလည်း မဆိုလိုပါ။ အဓိက ပညာရေးအပြင် အရန်လမ်းကြောင်း ဆောင်ရွက်လှုပ်ရှားမှုသည် အရန်သဘောမှာသာ ထားရှိရန်ဖြစ်ပါသည်။ ကျောင်းစာထဲတွင်သာ ခေါင်းကိုနစ်မနေစေရန်နှင့် ပတ်ဝန်းကျင်တွင် မိမိတစ်ယောက်တည်း ထီးတည်းမဖြစ်စေရန် သင့်တင့်မျှတသော ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကိုမူ မျက်ခြည်မပျက်ရှိနေသင့်သည်။ အဓိကအားဖြင့် ပညာသင်အရွယ်လူငယ်တို့အနေဖြင့် စိတ်လေလွင့်မှုမရှိစေရန်၊ အကြားအမြင် ဗဟုသုတများ တိုးပွားစေရန်၊ စိတ်ဖိစီးမှုများ ပပျောက်စေရန် ဘဝအတွက် အရန်လှုပ်ရှားမှုလမ်းကြောင်းများ ထားရှိရမည်ဖြစ်သော်လည်း အဓိကလမ်းကြောင်းမှ သွေဖည်ပြီး အရန်ကို အဓိကဟု ထင်မှတ်မှားမည်ကို ရှောင်ရှားနိုင်ကြရမည်ဖြစ်ပါသည်။

ကျောင်းသားလူငယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ရှည်ကာလအတွင်း မိမိဝါသနာပါရာ၊ စိတ်ပါဝင်စားရာ၊ စူးစမ်းလိုစိတ်ရှိရာ အလုပ်များကို ပျော်ပျော်ရွှင်ရွှင် စိတ်ပေါ့ပေါ့ပါးပါး လုပ်နိုင်ပါသည်။ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်း၊ ကျရှုံးခြင်း၊ မကျရှုံးခြင်းတို့အတွက် စိတ်ခံစားမှု ပြင်းထန်ရန် မလိုအပ်ပါ။ သို့သော် အသက် ၁၄ နှစ်၊ ၁၅ နှစ်ခန့်မှစ၍ မိမိဝါသနာပါရာကို သိရှိအကဲခတ်တတ်နေပြီဖြစ်ပေရာ မိမိဝါသနာအတိုင်း ဆောင်ရွက်မှုများမှ ဘဝတွင် အောင်မြင်မှုနှင့် တိုးတက်မှုတို့ကိုမူ အလေးအနက်ထား သတိပြုကြရပါတော့မည်။ အကယ်၍သာ မိမိရည်မှန်းချက်သည် ကျောင်းပညာသင်ယူရန်သာ ဦးတည်ချက်ထားပါမူ ဝါသနာနှင့် ဦးတည်ချက်ကို ခွဲခြားသိမြင်ပြီး မိမိစိတ်ဆန္ဒကို သတိကပ်ကာ အရာရာတိုင်းကို ဆောင်ရွက်ရမည်ဖြစ်သည်။

**စိတ်အနားယူအပန်းဖြေခြင်း**

နွေရာသီကာလအတွင်း ဆောင်ရွက်လှုပ်ရှားမှုများသည် စာသင်နှစ် တစ်နှစ်တာကာလအတွင်း ပင်ပန်းခဲ့သမျှ ခြေညောင်းလက်ဆန့် စိတ်အနားယူအပန်းဖြေခြင်းတစ်မျိုးဟု ယူဆလျက် နောင်လာမည့် စာသင်နှစ်အတွက် စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်ဖြစ်စေရန် အင်အားမွေးမြူခြင်း ဖြစ်စေရပါမည်။ ထိုကာလအတွင်း ဆောင်ရွက်မှုများသည် ကျောင်းသား ကျောင်းသူများအတွက် စိတ်အင်အားဖြစ်စေရန်၊ ဖိစီးမှုမဖြစ်စေရန်၊ အကြားအမြင် ဗဟုသုတများ တိုးပွားစေရန်၊ အဖွဲ့အစည်းနှင့် လုပ်ဆောင်တတ်စေရန်၊ အကြောင်းအရာ တစ်ခုကို စဉ်းစားချဉ်းကပ်တတ်စေရန် စသည်တို့ကို မိဘ၊ ဆရာများက စောင့်ကြည့်အကြံပေးသင့်ပါသည်။

စင်စစ် လူငယ်တစ်ဦးချင်းအတွက် ကံကြမ္မာနှင့် အနာဂတ်တို့သည် မတူညီနိုင်ကြပါ။ ကျောင်းပညာရေးကိုသာ အဓိကထားသော ကျောင်းသား ကျောင်းသူများ၏ လက်တွေ့ဘဝအတွက် နွေရာသီကျောင်းပိတ်ရက် လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်မှုသည် အောင်မြင်မှုကိုလည်းကောင်း ဆုံးရှုံးမှုများကိုလည်းကောင်း ထိတွေ့ခံစားတတ်ခွင့်အတွက်သာ ဖြစ်စေသင့်ပါသည်။ လူငယ်များအနေဖြင့် အောင်မြင်မှု၏ ချိုမြိန်မှုနှင့် ရှုံးနိမ့်ခြင်း၏ ခါးသီးမှုတို့ကို မြည်းစမ်းကြည့်မိမှသာ သူတို့၏အနာဂတ်ကို သေချာစွာ ရွေးချယ်နိုင်ပါလိမ့်မည်။ ပညာရေးတွင် အားနည်းသော်လည်း အတတ်ပညာတစ်ခုခုတွင် ထူးချွန်နေသူများအတွက် လမ်းကြောင်းများသည်လည်း အဆင်သင့်ရှိနေပါသည်။ သူတို့ ဆောင်ရွက်သမျှသည် စိတ်ကိုပြင်ဆင်တတ်စေရန် လေ့ကျင့်ပေးသော သင်ခန်းစာများသာ ဖြစ်သင့်ပါသည်။ သို့မှသာ ဘဝအတွက် အဓိကအဖြစ် ရွေးချယ်ထားသော သက်ဆိုင်ရာ လမ်းကြောင်းများတွင် ဆုံးရှုံးမှုကို မလိုချင်သော၊ အောင်မြင်မှုကို ဆာလောင်သော ကျောင်းသား ကျောင်းသူများဖြစ်လာကြကာ ရင့်ကျက်လာသော ကာလတွင် လောကဓံကို ခံနိုင်ရည်ရှိလာမည် ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

## ရေတာရှည်မြို့နယ်၌ စုဋ္ဌဘွဲ့နှင်းသဘင်နှင့် အောင်လက်မှတ်ဆက်ကပ်ခြင်း အခမ်းအနားကျင်းပ

ရေတာရှည် ဧပြီ ၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကံမြင့်ကျောင်းတိုက် မြင့်မိုရ်ဓမ္မာရုံတွင် ယနေ့မွန်းတည့် ၁၂ နာရီက ၂၀၂၃ ခုနှစ် စာအောင် သံဃာတော်များအား အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ခြင်း ၊ ယဉ်ကျေးလိမ္မာသင်တန်း၌ ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုလက်မှတ်များပေးအပ်ခြင်း အခမ်းအနားကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုကာ ဘုရားကန်တော့ရှိခိုးဖွင့်လှစ်ပြီး နိုင်ငံတော်သံဃနာယက ဗဟိုဝန်ဆောင် မြို့ဦးပရိယတ္တိစာသင်တိုက် ဘဒ္ဒန္တပညာဇောတထံမှ ငါးပါးသီလနှင့် သြဝါဒဓမ္မကထာ နာယူတော်မူကြသည်။ ဆက်လက်၍ ၂၀၂၄ ခုနှစ် စုဋ္ဌဘွဲ့နှင်းသဘင်နှင့် ပါဠိပထမပြန်စာမေးပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းက အလှူငွေကျပ်သိန်း ၃၀ ကျော်နှင့် စေတနာရှင်အလှူရှင် ကိုးဦးက နေ့စဉ်ဆွမ်းဒါနကုသိုလ်အတွက် ငွေကျပ် ၄၂ သိန်း အားလည်းကောင်း ပေးအပ်လှူဒါန်းပြီး ပါဠိပထမပြန်စာမေးပွဲတွင် ဆွမ်းနှင့်လိုအပ်သည်များလှူဒါန်းသည့် စေတနာရှင်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်သည်။



ယင်းနောက် ၂၀၂၃ ခုနှစ်၌ ပထမလတ်တန်းအောင် နှစ်ပါး၊ ပထမငယ်တန်းအောင် ၁၂ ပါး နှင့်အခြေပြုမူလတန်းအောင် ၂၄ ပါး စုစုပေါင်း စာအောင်သံဃာတော် ၃၈ ပါးအား အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ပေးအပ်လှူဒါန်းသည်။

ထို့နောက်၂၀၂၃ ခုနှစ် ယဉ်ကျေးလိမ္မာသင်တန်း၌ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများ ရရှိသည့် ကျောင်းသား ကျောင်းသူ ကိုးဦးအား ဂုဏ်ပြုလက်မှတ်များနှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြိတ်မြို့၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်း ဖွင့်လှစ်

မြိတ် ဧပြီ ၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြိတ်ခရိုင်အတွင်းရှိ ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းကို ဧပြီ ၂ ရက် နံနက် ၈ နာရီက အထက(၁)မြိတ် ပညာ့ဗိမာန်ခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်ဇော်က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်လှလှအေးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းတွင် ဆွေးနွေးပို့ချမည့် ဆရာကြီး ဆရာမကြီးများက တစ်ဦးချင်းမိတ်ဆက်ခဲ့ကြသည်။ ဆက်လက်၍ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့်ပတ်သက်သည့် “မနီ ပြုံးနိုင်ပြီ” အသိပညာပေး ဗီဒီယိုကလစ် ပြသခဲ့ကြရာ တက်ရောက်လာကြသည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မြိတ်တက္ကသိုလ်ပါမောက္ခချုပ်၊ ခရိုင်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

သင်တန်းကို မြိတ်တက္ကသိုလ်၊ မြိတ်၊ ကျွန်းစု၊ တနင်္သာရီ၊ ကော့သောင်းမြို့နယ်များမှ သင်တန်းသား ဆရာ ဆရာမ ၁၂၁ ဦး တက်ရောက်ခဲ့ကြပြီး မတ် ၂ ရက်မှ ၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကာ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း သင်ခန်းစာများကို သင်တန်းနည်းပြ ငါးဦးက ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ပြီး ဧပြီ ၆ ရက်မှ မေ ၁၅ ရက်အထိ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် မြို့နယ်များအလိုက် ရပ်ရွာလူမှုအခြေပြု၊ လုပ်ငန်းခွင်အခြေပြု၊ မိသားစုအခြေပြုပုံစံ စာသင်ဝိုင်းများဖြင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၄-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၅၀ | ၂၈၃၀ | ၂၉၂၅ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၀၀ | ၂၈၀၀ | ၂၈၀၅ | ၃၁၁၅ | ၃၃၀၀ |
| 95 Ron | ၂၉၁၅ | ၂၉၆၅ | ၂၉၆၀ | ၂၉၂၀ | ၂၉၆၀ | ၂၉၈၅ | ၂၉၇၀ | ၂၉၄၅ | ၃၀၄၅ | ၃၀၆၀ | ၂၉၅၀ | ၂၉၇၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၂၃၀ | ၃၄၁၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၉၀ | ၂၇၁၅ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၈ | ၂၇၅၅ |
| 95 Ron | ၂၇၈၂ | ၂၈၇၁ |
| HSD (500 ppm) | ၂၂၈၄ | ၂၃၅၉ |
| HSD (50 ppm) | ၂၃၂၈ | ၂၄၀၅ |
| HSD (10 ppm) | ၂၃၂၈ | ၂၄၀၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ကံပိုင်တည်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုလျာထားချက်အပေါ် ၁၈၇ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်ခဲ့

ကံပိုင်တည် မေ ၂

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် မတ်လ ကုန်သွယ်မှု လျာထားချက်မှာ ပို့ကုန် ဒေါ်လာ ၂၀ သန်းနှင့် သွင်းကုန် ၂ ဒသမ ၅၀ ဒေါ်လာသန်းဖြင့် စုစုပေါင်း ၂၂ ဒသမ ၅၀ ဒေါ်လာသန်း ဖြစ်သည်။ မတ် ၃၀ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ၃၇ ဒသမ ၁၈၇ ဒေါ်လာသန်းနှင့် သွင်းကုန် ၅ ဒသမ ၁၀၇ ဒေါ်လာသန်း စုစုပေါင်း ၄၂ ဒသမ ၂၉၄ ဒေါ်လာသန်းဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၁၈၇ ဒသမ ၉၇၂ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

**တင်ပို့နိုင်ခဲ့**

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ၂၀၂၄ ခုနှစ် မတ် ၂၆ ရက်မှ ၃၀ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျော ၁၄၇၁၉ တန်၊ နှမ်း ၃၅ တန်၊ ပဲမျိုးစုံ တင်ပို့မှုအနေဖြင့် မြေထောက်ပဲ ၆၈ တန်၊ ထောပတ်ပဲ တန် ၇၀၊ နိုင်လွန်ပဲ ၁၃၆ တန်၊ ပဲတောင့်ရှည် ၆၇ တန်၊ ပဲယဉ်း ၂၄၁ တန်၊ သစ်သီးဝလံတင်ပို့မှုအနေဖြင့် ရွှေဖရုံသီး ၇၄၄ တန်၊ ဖရဲသီး တန် ၃၅၀၊ ငရုတ်သီး ၂၇၂ တန်၊ ကြက်သွန်နီ ၂၈၈၈ တန်၊ သနပ်စင်ပြီးသံမှုန့် ၅၆ တန်နှင့် စကျင်ကျောက်ဆင်းတု ၁၆ ဒသမ ၆၅ တန် တင်ပို့နိုင်ခဲ့သည်။

အများဆုံးသွင်းကုန်ပစ္စည်းများမှာ သံကြိုးခွေ၊ Hollow Pipe၊ Iron Pipe၊ လိမ္မော်သီးနှင့် လူသုံးအဝတ်အထည်များဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် CMP အထည်ချုပ်ပစ္စည်းတို့ တင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

# ညောင်တုန်းမြို့နယ်ထွက် ငရုတ်သီးနှံ ဈေးနှုန်းဈေးကွက်

ညောင်တုန်း မေ ၂



ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်း မြို့နယ်သည် စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်ရန် ကောင်းမွန်သော နယ်မြေဒေသဖြစ်ရာ စပါး၊ ပဲ၊ ပြောင်း၊ နေကြာနှင့် အခြားသီးနှံမျိုးစုံအပြင် ငရုတ်သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ညောင်တုန်းမြို့နယ်တွင် အများဆုံး စိုက်ပျိုးသော ငရုတ်သီးနှံ အမျိုးအစားများမှာ မိုးထောင်ငရုတ်မျိုး၊ အောက်ဆွဲငရုတ်မျိုးများဖြစ်ပြီး မိုးထောင်ငရုတ်မျိုးမှာ အစပ်ပြင်း၍ အောက်ဆွဲငရုတ်မျိုးမှာ အစပ်ပေါ့ကြောင်း သိရသည်။

တောင်သူများ ငရုတ်စိုက်ပျိုးထွက်ရှိမှုအနေဖြင့် မိုးထောင် (အမှည့်/အစို) တစ်ဧက ပျမ်းမျှ ပိဿာ ၄၀၀၀ ခန့်၊ အောက်ဆွဲ (အမှည့်/အစို) တစ်ဧကပျမ်းမျှ ပိဿာ ၅၀၀၀ ခန့် ထွက်ရှိပြီး အောက်တိုဘာလတွင် စတင်စိုက်ပျိုး၍ ဒီဇင်ဘာလတွင် စတင်ခူးဆွတ်ရကြောင်း၊ ဈေးနှုန်းအနေဖြင့် ငရုတ်သီးနှံ စတင်ထွက်ပေါ်ချိန်၌ မိုးထောင်ငရုတ် (အမှည့်၊ အစို) တစ်ပိဿာလျှင် လက်ကားဈေး ကျပ် ၁၀၀၀ ဖြင့်လည်းကောင်း၊ အောက်ဆွဲငရုတ် (အမှည့်၊ အစို) တစ်ပိဿာလျှင် ကျပ်၃၀၀၀ဖြင့်လည်းကောင်း ရောင်းချရပြီး အောက်ဆွဲငရုတ် (အမှည့်၊ အစို)များမှာ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် လက်ကားဈေး တစ်ပိဿာလျှင် ကျပ် ၂၅၀၀-၂၇၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်ခဲ့ပြီး လက်ရှိအချိန်တွင် ကုန်လက်ကျန် မရှိတော့ဘဲ မိုးထောင်ငရုတ် (အမှည့်၊ အစို) များသာလက်ကားဈေးတစ်ပိဿာလျှင် ကျပ် ၉၀၀ ဖြင့် ဈေးနှုန်း အနည်းငယ်ကျဆင်း၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ညောင်တုန်းမြို့နယ်မှ ထွက်ရှိသော ငရုတ်သီးနှံများကို မြို့နယ်အတွင်းရှိ ငရုတ်အဝယ်ဒိုင်များသို့ လည်းကောင်း၊ ရန်ကုန်မြို့ (သီရိမင်္ဂလာဈေးနှင့် တည်ငင်းကုန်းဈေး)သို့ တင်ပို့ရောင်းချကြကြောင်း ငရုတ်စိုက်တောင်သူတစ်ဦးထံမှ သိရသည်။

# မတ်ပဲသီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

ဟင်္သာတ မေ ၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်နှင့် မြန်အောင်ခရိုင်တို့၌ မိုးစပါးစိုက်ဧက ငါးသိန်း သုံးသောင်းကျော် စိုက်ပျိုးခဲ့ပြီး သီးထပ်အဖြစ် မတ်ပဲသီးနှံကို စိုက်ဧက လေးသိန်းနှစ်သောင်းကျော် စိုက်ပျိုးထားရှိကြောင်း၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလဆန်းပိုင်းတွင် စတင်စိုက်ပျိုးသော မတ်ပဲသီးနှံများသည် ၂၀၂၄ ခုနှစ် မတ်လ ဒုတိယပတ်တွင် လှိုင်လှိုင်ထွက်ရှိလျက်ရှိရာ တစ်ဧက ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၁၇-၂၀ တင်းအကြား ထွက်ရှိကြောင်း၊ မတ်ပဲသီးနှံတစ်ဧက ပျမ်းမျှကုန်ကျစရိတ်အနေဖြင့် ကျပ် ၄၅၀၀၀၀ ခန့်ကုန်ကျပြီး တစ်ဧက ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၁၇ တင်းနှုန်းထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် မတ်လ တတိယပတ်တွင် မတ်ပဲတစ်တင်းလျှင် ဟင်္သာတမြို့၌ ကျပ် ၉၆၀၀၀ ပေါက်ဈေးရှိပြီး အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ပျမ်းမျှ ကျပ် ၁၂ သိန်းခန့်ရရှိကြောင်း၊ မတ်ပဲသီးနှံကို တောင်သူများ စနစ်တကျစိုက်ပျိုးကြခြင်း၊ ရာသီဥတုကောင်းမွန်ခြင်း၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးလာကြခြင်းများကြောင့် ယခုနှစ်တွင် မတ်ပဲအထွက်နှုန်းများ ကောင်းမွန်လာပြီး တောင်သူများ အကျိုးအမြတ်ပိုမိုရရှိလာခြင်းဖြစ်ကြောင်း သိရသည်။



# ဆောင်းကုလားပဲ စိုက်ပျိုးမှု၊ ရိတ်သိမ်းထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်

မန္တလေး မေ ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်းကုလားပဲများကို ကျောက်ဆည်မြို့နယ်တွင် ၂၈၄၂၆ ဧက၊ စဥ့်ကိုင်မြို့နယ်တွင် ၁၆၃၀၄ ဧက၊ မြစ်သားမြို့နယ်တွင် ၃၃၆၁၂ ဧက စုစုပေါင်း ၇၈၃၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ရိတ်သိမ်းဧကအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၉၄၇၆ ဧက၊ စဥ့်ကိုင်မြို့နယ်တွင် ၁၁၇၆၉ ဧက၊ မြစ်သားမြို့နယ်တွင် ၂၀၆၁၄ ဧက စုစုပေါင်း ၄၁၈၅၉ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏စာရင်းများအရ သိရသည်။

ကုလားပဲသီးနှံ စိုက်ပျိုးထုတ်လုပ်ရန်အတွက် တစ်ဧကလျှင် မျိုး၊ ထွန်ယက်ခ၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ကျပ် ၂၅၀၀၀၀ ခန့် ကုန်ကျပြီး ပျမ်းမျှအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၉-၁၀ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ကုလားပဲ စတင်ထွက်ပေါ်ချိန် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ကုလားပဲရိုးရိုး တစ်တင်းလျှင် ကျပ် ၉၀၀၀၀၊ ကုလားပဲ V2 တစ်တင်းလျှင် ကျပ် ၉၈၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး လက်ရှိအချိန်တွင် ကုလားပဲရိုးရိုးတစ်တင်းလျှင် ကျပ် ၇၄၀၀၀၊ ကုလားပဲ V2 တစ်တင်းလျှင် ကျပ် ၇၈၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၅၀၀၀၀၀ ခန့်ရရှိကြောင်း ကုလားပဲစိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သတင်းရင်းမြစ် - စီးပွား/ကူးသန်း

## ၁-၄-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၅၀ | ၁၆၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၃၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၃၀၀ | ၁၀၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |
| ၄ | တောင်ကြီး | ၃၄၀၀ | ၃၂၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၂၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၄၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၇၀၀ | ၁၅၅၀၀ | ၅၉၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၅၀ | | ၆၈၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၃၅၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၂၀၀ | ၁၆၀၀၀ | ၆၀၅၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၆၄၀၀ | ၁၁၇၀၀ | ၈၄၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၂၀၀ | ၇၁၀၀ | ၃၆၀၀ | ၃၄၀၀ | ၄၅၀၀ | ၁၁၅၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၁၀ | ရန်ကုန် | ၃၈၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၃၆၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၆၀၀၀ | ၂၈၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၆၅၀ | | ၅၃၅၀ | ၁၆၀၀၀ | ၅၆၈၀ | ၅၅၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၂၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၀၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၃၆၀၀ | ၃၂၀၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၄၅၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၅၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၈၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၄၀၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀ | ၇၅၀၀ | ၈၃၀၀ | ၄၀၀၀ | ၂၂၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၃၅၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၁၁၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၈ | ပြည် | ၃၄၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၂၆၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | | ၆၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၄၀၀ | ၃၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၃၀၀ | ၃၇၀၀ | ၂၂၀၀ | ၄၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၆၅၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၄၅၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၄၀၀၀ | ၂၇၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၆၅၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၂၂၀၀ | ၁၄၅၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၇၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၆၀၀ | ၃၂၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၄၂၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | | ၁၅၀၀၀ |

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
## စက်အရန်ပစ္စည်းများနှင့် ရုံးလုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက်အရန်ပစ္စည်းများနှင့် ရုံးလုပ်ငန်းသုံးပစ္စည်းများကို (**မြန်မာကျပ်ငွေဖြင့်**) ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| (က) | **Spare Parts for Web Offset Printing Machines**<br>– Orient (X–cel / Super) (1 Lot)<br>– Goss Community (1 Lot)<br>– Naph Graphics (Koncept) (1 Lot) | Lot | 1 |
| ( ခ ) | **Spare Parts for Computer to Plate Machines**<br>– CTP (Screen/Cron) (1 Lot) | Lot | 1 |
| ( ဂ ) | Air Conditioner (1.5)HP | Nos | 6 |
| (ဃ) | AF–S NIKKOR 28–300mm f/3.5–5.6G ED VR Lens | No | 1 |
| ( င ) | Sony 128GB Cfexpress Type B TOUGH Memory Card | Cards | 3 |
| ( စ ) | Desktop Computer | Sets | 4 |
| (ဆ) | Laptop Computer | Sets | 4 |
| ( ဇ ) | External Hard Disk (5 TB) | Nos | 5 |
| ( ဈ ) | A4 Colour Printer | Nos | 4 |
| (ည) | iPhone 14 pro Max (256 GB) | No | 1 |
| ( ဋ ) | M2 iPad Pro 12.9 (256 GB) 5G | Nos | 2 |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၄-၂၀၂၄ ရက်နေ့မှ ၅ - ၅ - ၂၀၂၄ ရက်နေ့အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် Spare Parts for Web Offset Printing Machines & CTP Machines တင်ဒါ (၁)စောင်လျှင် ၁၀,၀၀၀/-ကျပ်နှုန်းဖြင့်လည်းကောင်း၊ ရုံးလုပ်ငန်းသုံးပစ္စည်းများ တင်ဒါ(၁)စောင်လျှင် ၅,၀၀၀/-ကျပ်နှုန်းဖြင့်လည်းကောင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ လာရောက်တင်သွင်းရာတွင် နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) များကို သီးခြားစီခွဲ၍ ၆-၅-၂၀၂၄ ရက်နေ့ နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သို့ လာရောက်ပေးသွင်းကြပါရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုး ၁% အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ **PG (Performance Bank Guarantee)**ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်သည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇-၃၄၁၂၁၂၃၊ ၀၆၇-၃၄၁၂၆၆၂၊ ၀၁-၈၂၀၁၁၉၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း- ၀၆၇-၃၄၁၂၁၂၃၊ ၀၆၇-၃၄၁၂၆၆၂၊ ၀၆၇-၃၄၁၂၁၂၈**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း- ၀၆၇-၃၄၁၂၁၂၃၊ ၀၆၇-၃၄၁၂၆၆၂၊ ၀၆၇-၃၄၁၂၁၂၈**

## သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ မကုဋ္ဌာရာမ မြန်မာကျောင်းတိုက်ကြီး၏ "မကုဋ္ဌာရာမ ရာပြည့်ပွဲ ဖိတ်ခေါ်ခြင်း"

သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ မကုဋ္ဌာရာမမြန်မာကျောင်းတိုက်ကြီးသည် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံ၏ ဘာသာရေးဆိုင်ရာဆက်ဆံရေးအတွက် အလွန်အရေးပါပြီး ပြည်တွင်းပြည်ပ သာသနာပြုအာဇာနည်ဆရာတော်များ၊ ပညာရှင်ရဟန်းတော်များကို နှစ်စဉ်မွေးထုတ်ပေးရာ ကျောင်းတိုက်ကြီးလည်းဖြစ်ပါသည်။ ထို့ပြင် သီရိလင်္ကာရောက် ပညာတော်သင် မြန်မာရဟန်းတော်များ၊ သီလရှင်ဆရာလေးများအတွက် အလွန်ကျေးဇူးများသော မိခင်ကျောင်းတိုက်ကြီးဖြစ်၍ ပြည်ပတွင် မြန်မာသံဃာတော်အများဆုံး သီတင်းသုံးနေထိုင်သည့် မြန်မာပိုင်ကျောင်းတိုက်ကြီးလည်းဖြစ်ပါသည်။ ဤသို့စသည့် ဂုဏ်ထူးဝိသေသများဖြင့် ပြည့်စုံသော မကုဋ္ဌာရာမ မြန်မာကျောင်းတိုက်ကြီး၏ ရာပြည့်ပွဲကြီးကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်မှ (၂၁)ရက်နေ့ထိ (၇)ရက်တိုင်တိုင်** စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ သို့ဖြစ်၍ နှစ်တစ်ရာမှ တစ်ခါသာ ကြုံရသည့် ကြုံတောင့်ကြုံခဲ ရာပြည့်ပွဲသို့ သီရိလင်္ကာနိုင်ငံတွင် ပညာသင်ကြားဖူး၊ သင်ကြားဆဲသံဃာတော်များ၊ သီလရှင်ဆရာလေးများနှင့် ဗုဒ္ဓဘာသာဝင် ဒကာ၊ ဒကာမများကို အတူဆင်နွှဲကာ ကုသိုလ်ပါဝင်နိုင်ကြစေရန် ဖိတ်ခေါ်အပ်ပါသည်။

**ရာပြည့်ပွဲကျင်းပရေးကော်မတီ**
**ဆက်သွယ်စုံစမ်းရန်- (မြန်မာ)- ၀၉-၄၀၂၅၅၇၅၀၂၊ ၀၉-၂၅၄၀၁၂၇၉၄၊ ၀၉-၄၂၁၁၅၉၂၇၃၊ ၀၉-၆၀၅၇၈၃၇၃၃၊**
**(သီရိလင်္ကာ)- ၀၉-၄၇၇၄၈၉၆၀၃၇၊ ၀၉-၄၇၄၃၅၀၂၀၃၄**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း(အလယ်)၊ တိုက်အမှတ် (၂၆၁)၊ မြေညီထပ်၊ (RC-၂လွှာပါ)တိုက်ခန်းကို (၇-၃-၂၀၂၄)ရက်စွဲဖြင့် ရောင်းချသူ ဦးမင်းဇင်ထွန်း [၁၂/ကတတ(နိုင်)၀၂၇၃၀၂]နှင့် ဝယ်ယူသူ ဦးအောင်မိုးမင်း [၁၂/ဗတထ(နိုင်)၀၃၂၇၈၁]တို့သည် တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ် ချုပ်ဆိုထားချိန်တွင် ရောင်းချသူ၏ အစ်မများဖြစ်ကြသည့် ဒေါ်လှဲ့လှဲ့ထွန်း [၁၂/ကတတ(နိုင်)၀၁၂၂၀၃]၊ ဒေါ်နှင်းနှင်းထွန်း[ ၁၂/ကတတ(နိုင်)၀၁၂၂၀၁]၊ ဒေါ်ခိုင်ခိုင်ထွန်း [၁၂/ကတတ(နိုင်)၀၀၂၃၉၂]တို့မှ အမွေဆိုင်များအနေဖြင့် ကန့်ကွက်ခဲ့သည့်အတွက် ရောင်းချသူဘက်မှ အရောင်းအဝယ်ပျက်ကွက်ခဲ့ပါသည်။ အရောင်းအဝယ်ပျက်ကွက်ခဲ့သည့်အတွက် ဝယ်ယူသူ၏စရန်ငွေကိစ္စကို ဖြေရှင်းဆောင်ရွက်ပေးရန် အကြိမ်ကြိမ်ဆက်သွယ်သော်လည်း အကြောင်းပြန်ကြားခဲ့ခြင်းမရှိပါ။ သို့ပါသောကြောင့် ဝယ်ယူသူအတွက် တိုက်ခန်းအရောင်းအဝယ်စရန်ငွေကိစ္စ ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ မရှင်းလင်းမီအချိန်အတွင်းတွင် အထက်ဖော်ပြပါတိုက်ခန်းကို အရောင်းအဝယ်ပြုလုပ်ခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မိုးမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းညွှန့်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၇)**
**ဦးနိုင်ထွဋ်လင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၅၄၅)**
**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၅၀၆၁၅၇၊ ၀၉-၇၈၅၅၀၆၁၅၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ ၆/က လမ်း၊ အမှတ်- ၁၄၇၊ (၄၀ပေx ၆၀ ပေ) ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၂ ခန်းတွဲ ၆ ထပ်အဆောက်အဦ၏ စတုတ္ထထပ်၊ ၅-လွှာ၊ ခြေရင်းခြမ်း/ဝဲတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူများဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဦးကောင်းမွန်သန့် [၁၄/မအပ(နိုင်)၁၉၆၆၀၁] ကိုင်ဆောင်သူ နှင့် ဒေါ်ဝင်းမမဖြိုး [၉/ခအဇ(နိုင်)၀၃၅၅၆၆] ကိုင်ဆောင်သူတို့က အဆိုပြု ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ထက်မီမီအောင် [၁၂/အစန(နိုင်)၂၀၂၆၉၀] ကိုင်ဆောင်သူက လက်ရောက်အပိုင်ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ထက်မီမီအောင် ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A (Law), LL.B] တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၅၀)**
**အမှတ်- ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးတင်ဝင်း၏သား စောစိုးထွန်းဝင်း [၁၂/ဒဂမ(နိုင်) ၀၁၉၅၂၅]၏ နိုင်ငံကူးလက်မှတ် အမှတ် (MA-၃၉၂၀၅၈) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၂၆၉၈၆၈၇၄၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇၊ မြေကွက်အမှတ်-၈၆၆/ခ၊ မြေကွက်တည်နေရာအမှတ် (၈၆၆/ခ)၊ သီရိဇေယျာလမ်း(၂၀)၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ မစ္စမာယာ (ခ) ဒေါ်မာယာ (S/OKA-107663) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် မစ္စမာယာ(ခ)ဒေါ်မာယာအား တရားပြိုင်ထား၍ တရားလို ဦးကျော်မင်းထွန်း၊ ဒေါ်ရီစီမှ မှတ်ပုံတင်အရောင်းစာချုပ် ချုပ်ပေးစေလိုမှုဖြင့် စွဲဆိုသော တောင်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် (၃၁/၂၀၂၃)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ် (၅၀/၂၀၂၃)၏ အမိန့်တို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်နန့်ဆန်းသိန်း [၁၂/မရက (နိုင်)၀၄၇၆၁၆] မှ တောင်ဥက္ကလာပမြို့နယ် တရားရုံး၏ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ တရားရုံးအမိန့်၊ ဝန်ဆောင်ခတို့ တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၁/ယမုံနာ-၂၊ မြေကွက်အမှတ်- ခ/၆၁၊ ဧရိယာ (၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်-ခ/၆၁၊ စာတိုက်လမ်း၊ ယမုံနာ-၂ ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးစံလွင် [၁၂/ဒပန(နိုင်)၀၁၇၄၉၅] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးစံလွင် [၁၂/ဒပန(နိုင်)၀၁၇၄၉၅] (ဖခင်)သည် (၂၆-၄-၂၀၁၄)ရက်နေ့တွင် လည်းကောင်း၊ ဒေါ်ဝင်းရင် (မိခင်)သည် (၁၉-၃-၂၀၁၆)ရက်နေ့တွင် လည်းကောင်း ကွယ်လွန်ကြောင်းတင်ပြ၍ ဒေါ်လွင်မျိုးဝင်း [၁၂/ဒပန (နိုင်) ၀၀၈၄၆၇]မှ တစ်ဦးတည်းသော သမီးဖြစ်ကြောင်း၊ အခြားသော သားသမီး/မွေးချင်း တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း မရှိပါကြောင်း မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ နှစ်(၆၀)ဂရန်မူရင်း၊ ဦးစံလွင်၊ ဒေါ်ဝင်းရင်တို့၏ သေဆုံးမှုလက်မှတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၆)၊ မြဝတီ(၂)လမ်း၊ မြေကွက်အမှတ်(၁၈၅/ခ)၊ မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ မြေချပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်မြိုင်[၁၂/လကန(နိုင်)၀၅၇၃၇၂]**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးအောင်ကျော်ထွန်း[၆/မအရ(နိုင်)၀၉၉၁၆၀]**မှ **"နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များ"**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B) (စဉ်-၁၁၄၀၆) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်စုစုလှိုင်(LL.B) (စဉ်-၅၅၅၆၃) အထက်တန်းရှေ့နေ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ စက်မှုလယ်ယာ(၂)လမ်း၊ မြေကွက်အမှတ် (၁၈၆)၊ မြေအကျယ်အဝန်း (၃၀ပေx ၆၀ပေ)၊ ခေါင်းရင်းခြမ်း၊ မြေကွက်အမှတ်(၁၈၅)နှင့်ကပ်လျက်ဘက်အခြမ်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးတင်သောင်း (TTN-၁၅၃၄၂၄)၊[၁၂/မဂဒ(နိုင်)၀၃၇၇၇၄]**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B) (စဉ်-၁၁၄၀၆) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်စုစုလှိုင်(LL.B) (စဉ်-၅၅၅၆၃) အထက်တန်းရှေ့နေ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မင်းလမ်း၊ အမှတ်- ၈၁၊ ၆ ထပ်တိုက်၏ ၄ လွှာ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၂၅ပေx ၄၀ပေ) တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ရောင်းချသူ ဦးထွန်းရွှေ [၁၂/ဗဟန(ဧည့်)၀၀၀၁၀၀]က အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း၊ ရောင်းချရန် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

ဤတိုက်ခန်းအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘစံ(LL.B)(Advocate)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၇၉/၈-၂-၂၀၀၅)**
**အမှတ်-၈၃၊ ဒုတိယထပ်၊ (အခန်း- ၁၄/D)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း- ၀၉-၅၆၈၀၃၄၉**

## ဒေါ်စိုးပပစံ[၁၂/ဒဂမ(နိုင်)၀၀၆၄၀၉] ကိုင်ဆောင်သူနှင့်အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၂၅)လမ်း၊ အမှတ်(၄၈/ခ) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်တည်ရှိရာ ကန်ထရိုက်တိုက်သည် ဦးငွေဇင် [၁၂/ဥကတ(နိုင်) ၀၂၆၇၈၉]နှင့် ဒေါ်ခင်ဆွေဦး [၁၂/ဥကတ(နိုင်)၀၂၄၀၆၂]တို့နှစ်ဦး အမည်ပေါက်ပိုင်ဆိုင်ပြီး သားကြီးဖြစ်သူ ဦးမျိုးသန့်ဇင် [၁၂/ဥကတ(နိုင်)၁၅၅၈၅၅]မကွယ်လွန်မီက ၎င်းတို့မိသားစုစားဝတ်နေရေးအဆင်ပြေစေရန် ယင်းကန်ထရိုက်တိုက်၏ (၄)လွှာအခန်းကို ဟန်ဆောင်အရပ်ကတိစာချုပ်ဖြင့် လက်မှတ်ရေးထိုးပေးအပ်ခဲ့သော်လည်း ကန်ထရိုက်စာချုပ်၊ ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပေးအပ်ခဲ့ခြင်း မရှိသောကြောင့် ကွယ်လွန်သူသား ဦးမျိုးသန့်ဇင်၏ အမွေဝေစုခွဲဝေပေးအပ်ရန် မိသားစုစီမံမှုစာချုပ်မူကြမ်း ပေးပို့ညှိနှိုင်းသော်လည်း ကွယ်လွန်သူသား ဦးမျိုးသန့်ဇင်၏ဇနီး ဒေါ်စိုးပပစံမှ လက်မခံဘဲ ငြင်းဆန်ခဲ့သောကြောင့် မြေရှင် ဦးငွေဇင်၊ ဒေါ်ခင်ဆွေဦးတို့ သဘောမတူဘဲ အထက်ဖော်ပြပါ ကန်ထရိုက်တိုက် အမှတ်- ၄၈/ခ(၄)လွှာတိုက်ခန်းကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းကိစ္စအဝဝကို ကန့်ကွက်ကြောင်း ဒေါ်စိုးပပစံနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**ဦးငွေဇင်[၁၂/ဥကတ(နိုင်)၀၂၆၇၈၉]**
**ဒေါ်ခင်ဆွေဦး[၁၂/ဥကတ(နိုင်)၀၂၄၀၆၂]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှဲ့လှဲ့ဝင်း(LL.B) (စဉ်-၄၇၁၄) ဦးဇော်နေလင်း(LL.B)(စဉ်-၁၀၅၄၆)**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးမင်းထွန်း(LL.B)(စဉ်-၅၃၄၉၅) ဒေါ်မိုးသီတာနိုင် (LL.B) (စဉ်-၅၅၁၆၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၉၉)၊ အောင်သုခ(၁)လမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၆၄၁၀၄၁၅၀၊ ၀၉-၆၉၈၁၀၄၁၅၀**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့တပ်မတော်သည် တိုင်းပြည်၏ နေရာဒေသအသီးသီးက တိုင်းရင်းသားပြည်သူများ စုစည်းနေထိုင်တာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မိသားစုစိတ်ဓာတ် မွေးမြူပြီး စည်းလုံးညီညွတ်မှုရှိကြရမည်ဖြစ်ပြီး စုပေါင်းအားသည် ထုကိုရရှိစေပြီး ခိုင်မာမှုကို ပိုမိုရရှိစေ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

# မဟာသင်္ကြန်ကာလ ကျွန်းခရီးစဉ်များတွင် မြိတ်ကျွန်းစုခရီးစဉ်ထက် ကော့သောင်းရှိ ကျွန်းများသို့ လည်ပတ်မည့်သူ ပိုမိုများပြားနေ

မြိတ် မေ ၂

မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ကာလအတွက် ကျွန်းခရီးစဉ်များတွင် မြိတ်ကျွန်းစုခရီးစဉ်ထက် ကော့သောင်းရှိကျွန်းများသို့ လည်ပတ်မည့်သူ ပိုမိုများပြားနေကြောင်း ခရီးသွားဝန်ဆောင်မှုပေးနေသူများက ပြောသည်။

ကော့သောင်းမြို့နယ် အတွင်းရှိ ခရီးစဉ်များကို ယခုနှစ်တွင် ခရီးသွားများ ပိုမိုစိတ်ဝင်စားမှုများပြားနေသည့်အပြင် ကြိုတင်ဘိုကင်ယူထားသူများ ပြည့်နေကြောင်းသိရသည်။

"ကော့သောင်းကို ဒီနှစ်လာရောက် လည်ပတ်မယ့်သူတွေအတော်ကိုများတယ်လို့ ကြားသိရပါတယ်။ နယ်မြေအေးချမ်းတာက တစ်ကြောင်း၊ ကိုယ်ပိုင်ကျွန်းတွေကို ဝန်ဆောင်မှုကောင်းကောင်းနဲ့ လုပ်ပေးထားတယ်။ အကျိုးအမြတ်ထက် ကျွန်းတွေကို ခရီးသွားများအကြား စိတ်ဝင်စားမှုမြင့်တတ်စေဖို့ လုပ်ဆောင်ပေးကြ

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ☆**



ကျွန်းများသို့ သွားရောက်လည်ပတ်ကြမည့် ခရီးသွားများကို တွေ့ရစဉ်။


**ယနေ့ ဖတ်စရာ**

**ခရီးသွားကဏ္ဍမြှင့်တင်ရေးကို အထောက်အကူပြုနိုင်သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့် အခွင့်အလမ်းများဆိုင်ရာ ဆွေးနွေးပွဲ(Investment Forum) ကျင်းပ**

စာမျက်နှာ » ၁၀

**အီဂျစ်နိုင်ငံသမ္မတ အယ်လ်စီစီ တတိယအကြိမ်မြောက် သမ္မတသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆို**



စာမျက်နှာ » ၁၃

**အဖိုးတန် နွေကျောင်းပိတ်ရက်ရှည်**

ဆောင်းပါး စာမျက်နှာ » ၁၆

**ကံပိုင်တည်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုလျာထားချက်အပေါ် ၁၈၇ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်ခဲ့**

စာမျက်နှာ » ၁၈


## ဧရာဝတီမြစ်ရေ မြစ်ကြီးနားမြို့တွင် ၄၈၅ စင်တီမီတာသို့ ရောက်ရှိ

နေပြည်တော် မေ ၂

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့တွင် ၄၈၅ စင်တီမီတာသို့ ရောက်ရှိခဲ့ကာ ၃၆ နာရီအတွင်း ၉ ပေခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော အဆိုပါမြစ်ရေသည် နောက်တစ်ရက်မှ ၅ ရက်အတွင်း ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ခြောက်ပေမှ ခုနစ်ပေခွဲခန့်၊ နောက် ၅ ရက်မှ ၈ ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် လေးပေခွဲမှ ခြောက်ပေခန့်၊ နောက် ၈ ရက်မှ ၁၃ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၃ ပေခွဲမှ ၄ ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ဆောက်သမ်တန်အသင်းကို အနိုင်ရပြီး အစ်ဆွစ်အသင်း ချန်ပီယံရှစ်ဇယားထိပ်တွင် ဦးဆောင်နိုင်ခဲ့

အစ်ဆွစ်အသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ မေ ၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံရှစ်ပွဲစဉ် ၄၀ မှာ အစ်ဆွစ်အသင်းက ဆောက်သမ်တန်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အစ်ဆွစ်အသင်းဟာ ဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့် ရရှိခဲ့ပါတယ်။

အစ်ဆွစ်အသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ပွဲစဉ်မှာ အိမ်ရှင်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၃ မိနစ်မှာ ဒေးဗစ်ကတစ်ဂိုး၊ ၆၈ မိနစ်မှာ ဘရုတ်ဟက်ဒ်က တစ်ဂိုး၊ သာမန်ပွဲကစားချိန်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✻



အစ်ဆွစ်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။